# မြန်မာနိုင်ငံဒီရေတောများ - အနာဂတ် သင်တန်းဆရာများ (Training of Trainers- ToT) ပေါ်ပေါက်လာစေရန် ရည်ရွယ်သင်တန်းပေးခြင်း

UN-REDD
PROGRAMME

Food and Agriculture Organization of the United Nations

UNDP

UN environment programme

## မြန်မာနိုင်ငံရှိ ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောများတွင် REDD+ ကာကွယ်စောင့်ရှောက်မှု (Safeguards) အား အကောင်အထည်ဖော်ဆောင်ခြင်း



သင်တန်းပထမရက်: ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့

UN-REDD နည်းပညာအထောက်အပံ့ပေးခြင်းစီမံကိန်း: **"ဒီရေတောများ ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှု၊ ပြန်လည် ထူထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကို မြန်မာနိုင်ငံ REDD+ အကောင်အထည်ဖော်ဆောင်ရေးဖြင့် ပေါင်းစည်းခြင်း"**

# တင်ပြမည့် အချက်အလက်များအပေါ် ဘာသာပြန်ဆိုချက် ကို ရယူနိုင်မည့်နေရာ



# သင်တန်းပို့ချခြင်းနှင့် ဆက်စပ်သော အခြေခံအချက်အလက် များ

**မှတ်တမ်းတင်ခြင်း-** ဤသင်တန်းပို့ချခြင်းနှင့် ဆွေးနွေးမှုများကို မှတ်တမ်းတင်သွားမှာဖြစ်ပြီး၊ ကန့်ကွက်မှုများရှိပါက ကျွန်ုပ်တို့အား ကြိုတင်အသိပေး အကြောင်းကြားပါရန်။

**မိုက်ခရိုဖုန်းနှင့် ကင်မရာ** - အစည်းအဝေးသို့ သင်ဝင်ရောက်သည့်အခါ သင့်မိုက်ခရိုဖုန်းနှင့် ကင်မရာ ကို ပိတ်ထားမှာ ဖြစ်ပါသည်။ ပြီးနောက် ကျေးဇူးပြု၍ သင့်ကင်မရာကို ဖွင့်ပေးထားပါရန် နှင့် မေးခွန်းမေးမြန်းခြင်း (သို့မဟုတ်) ဆွေးနွေးခြင်းများ မပြုလုပ်သည့်အခါတွင် သင့်မိုက်ခရိုဖုန်းကို အသံပိတ်ထားပါရန်။

**မေးခွန်းများ** - တင်ပြဆွေးနွေးမှုအပေါ် မှတ်ချက်ပေးရန် သို့မဟုတ် မေးခွန်းတစ်ခုခု မေးမြန်းလိုပါက၊ သင့်စခရင်အောက်ခြေတွင် တွေ့ရှိရသည့် **chat box တွင်** အသုံးပြုပေးပါရန်၊ နှင့်စကားပြောဖြင့် ဆွေးနွေးလိုသည့်အခါတွင် **"raise a hand"** ခလုတ်အား အသုံးပြုပေးပါရန်။

**ပံ့ပိုးကူညီမှု** - သင်တန်းပို့ချချိန်အတွင်း သင့်တွင် နည်းပညာဆိုင်ရာ ပြဿနာများရှိပါက၊ ကျေးဇူးပြု၍ [ **နည်းပညာပံ့ပိုးမှု – Mel Wheeler**] ထံသို့ တိုက်ရိုက်စာတိုပေးပို့ပါရန် သို့မဟုတ် mel.wheeler@unep-wcmc.org သို့ အီးမေးလ်ဖြင့် ပေးပို့အကြောင်းကြားပေးပါရန်။

# သင်တန်းပထမနေ့

| မြန်မာစံတော်ချိန် (ကြာမြင့်ချိန်) | အပိုင်း | အစီအစဉ်တင်ဆက်သူ |
|---|---|---|
| ၁၅း၃၀ မှ ၁၅း၅၀ ထိ **(မိနစ် ၂၀)** | ကြိုဆိုအဖွင့်အမှာစကား ပြောကြားခြင်း နှင့် သင်တန်းအကြောင်းအရာများ မိတ်ဆက်ခြင်း။ | UN-REDD ပရောဂျက်အကြံပေးများ၊ (tbc) |
| ၁၅း၅၀ မှ ၁၆း၀၅ ထိ **(၁၅ မိနစ်)** | စစ်တမ်းအကြိုရလဒ်များ၊ ကာကွယ်စောင့်ရှောက်မှုများ (safeguards) အကြောင်း မိတ်ဆက်ခြင်း။ | UNEP-WCMC စည်းရုံးရေးမှူးများ |
| ၁၆း၀၅ မှ ၁၆း၃၀ ထိ **(၂၅ မိနစ်)** | မြန်မာနိုင်ငံကာကွယ်စောင့်ရှောက်မှုများ (safeguards) အား ချဉ်းကပ်မှု၊ လမ်းညွှန်မှုနှင့် အဆင့်များ၊ နှင့် အရေးကြီးသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းလမ်းများ အကြောင်း။ | UNEP-WCMC စည်းရုံးရေးမှူးများ |
| | ***လက်ဖက်ရည်သောက်နားချိန်/ အနားယူချိန် – ၅ မိနစ်*** | |
| ၁၆း၃၅ မှ ၁၆း၅၅ ထိ **(၂၀ မိနစ်)** | REDD+ အစီအစဉ်ရေးဆွဲခြင်း၏ အရေးပါမှု၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ညှိနှိုင်းခြင်းဆိုင်ရာ အကဲဖြတ်မှုစာရင်းများ (၁.၁) နှင့် ဆက်စပ်ပတ်သက်သူများ ပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက် မှု (၃.၁) တို့ အား မိတ်ဆက်ခြင်း။ | UNEP-WCMC စည်းရုံးရေးမှူးများ |
| ၁၆း၅၅ မှ ၁၇း၂၅ ထိ **(၃၀ မိနစ်)** | ဖြစ်ရပ်မှန်လေ့လာမှု- ဝါးကုန်းဒီရေတောဒေသခံပြည်သူအစုအဖွဲ့ဆိုင်ရာ အချက်အလက်များ နှင့် အစီအစဉ်ရေးဆွဲခြင်းအဆင့် အတွက် လေ့ကျင့်ခြင်း။ | UNEP-WCMC စည်းရုံးရေးမှူး \| MERN \| UN-REDD စည်းရုံးရေးမှူးများ |
| ၁၇း၂၅ မှ ၁၇း၃၀ ထိ **(၅ မိနစ်)** | သင်တန်းပထမတစ်ရက်တာ ပြန်လည်သုံးသပ်ခြင်း။ | UNEP-WCMC စည်းရုံးရေးမှူးများ |



# မိတ်ဆက်ခြင်းနှင့် အုပ်စုဖွဲ့စည်းခြင်းအတွက် အထောက်အကူပြုမည့် ပံ့ပိုးကူညီမှု လေ့ကျင့်ခန်းလုပ်ဆောင်ခြင်း။

UN-REDD
PROGRAMME

# သင်တန်းမစတင်မီ သင်တန်းသားများ၏ သင်တန်းအကြောင်းအရာ အပေါ် နားလည်မှုအား အကြိုစစ်တမ်းကောက်ယူခြင်း။

UN-REDD PROGRAMME

# ဖြေဆိုသူများ၏ Safeguards အကြောင်းအရာနှင့် ပတ်သက်သော အသိပညာများ

### ကာကွယ်စောင့်ရှောက်မှု နည်းလမ်းများ

**လူသိအများဆုံး-**
အကျိုးခံစားခွင့်မျှဝေခြင်း ;
**လူသိအနည်းဆုံး-** နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး ယန္တရားများ (Grievance Redress Mechanisms) ။

### အကာအကွယ်မူဝါဒများနှင့် စံနှုန်းများ

**လူသိအများဆုံး-** မြန်မာအမျိုးသား REDD+ Safeguards ;
**လူသိအနည်းဆုံး-**ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (UNDP) ၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စံနှုန်းများ၊
**မသိပါ-** ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် အထောက်အကူပြုအဖွဲ့ (GEF) ၏ လူမှုရေးနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများ နှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC)၏ သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုရေးရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စွမ်းဆောင်ရည်စံနှုန်းများ။

### အသုံးဝင်မှု

**လူသိအများဆုံး-**
ကာကွယ်စောင့်ရှောက် မှု သည် REDD+ အကောင်အထည် ဖော်ဆောင်မှု၏ အရှည်အသွေးနှင့် ရေရှည်တည်တံ့မှုကို အားကောင်းစေနိုင်သည်။
**လူသိအနည်းဆုံး-** ပိုမိုကျယ်ပြန့်သော နိုင်ငံအဆင့်ဦးစားပေးလုပ်ငန်းများနှင့် ရည်မှန်းချက်များ ဖော်ဆောင်နိုင်ရန် REDD+ နှင့် ဆက်စပ်ကာကွယ် စောင့်ရှောက်မှု အကောင်အထည်ဖော်ခြင်းဖြင့် အထောက်အပံ့ပေးပါသည်။

# ဖြေဆိုသူများ၏ သင်တန်းအပေါ် မျှော်မှန်းချက်များ

### သဘာဝပတ်ဝန်းကျင်

(ဒီရေတောများ အပါအဝင်) **သဘာဝပတ်ဝန်းကျင်** ၏ အရေးပါပုံကို လေ့လာ သင်ယူရန်။
သဘာဝပတ်ဝန်းကျင် **ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး** ကို မည့်သို့ မြှင့်တင်နိုင် မည်နည်း။

### လူမှုရေး

**တိုင်းရင်းသားလူမျိုးများ နှင့် ဒေသခံလူထု၏ အခွင့်အရေးများ အကြောင်း** လေ့လာရန်။
မတူညီသော**ဆက်စပ်ပတ်သက်သူ** အုပ်စုများ-ကောင်းစွာကြိုတင် အသိပေး ၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (**FPIC**); **အကျိုးခံစားခွင့်မျှဝေခြင်း;** ဒေသခံများ၏ **အသက်မွေးဝမ်းကြောင်း မှု နှင့် ဝင်ငွေတိုးပွားမှု**။

### ကာကွယ်စောင့်ရှောက်မှုများ

**ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လမ်းညွှန်ချက်** နှင့် ဒေသခံပြည်သူ အစုအဖွဲ့ ပိုင်သစ်တော အခြေအနေ (CFE၊ CFMP၊ CFEBP) ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ၏ **အကဲဖြတ်မှုစာရင်းများကို** မည်သို့အသုံးပြုရမည်ကို လေ့လာ သင်ယူရန်။
ကာကွယ်စောင့်ရှောက်မှုများအား **ကိုင်တွယ်ဖြေရှင်းကြောင်း နှင့် လေးစား လိုက်နာကြောင်း** သေချာအောင် မည်သို့ ပြုလုပ်မည်နည်း ။
**စောင့်ကြည့်လေ့လာခြင်း**။

# ကာကွယ်စောင့်ရှောက်မှုများ (Safeguards)- အဓိကသဘောတရားများကို ပြန်လည်သုံးသပ်ခြင်း။

## REDD+ ကာကွယ်စောင့်ရှောက်မှုများ-

**Cancun Safeguards-** REDD+ လုပ်ဆောင်ချက်များ၏ ဖြစ်နိုင်ချေရှိသော အန္တရာယ်များကို လျှော့ချရန် နှင့် ၎င်းတို့၏ ဖြစ်နိုင်ချေရှိသော အကျိုးကျေးဇူးများကို မြှင့်တင်ရန် အခြေခံမူ ခုနစ်ချက် ပါဝင်ပါသည်။

## နိုင်ငံအဆင့် ကာကွယ်စောင့်ရှောက်မှု ချဉ်းကပ်မှုပုံစံ-

REDD+ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံအဆင့်တွင် မည်သို့နားလည်ကြောင်း၊ ၎င်းတို့အား မည်သို့ကိုင်တွယ်ဖြေရှင်းကြောင်း နှင့် လေးစားလိုက်နာကြောင်း (ဥပမာ၊ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ နှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်းဖြင့်)၊

အချို့နိုင်ငံများတွင် **အခြားသော ကာကွယ်စောင့်ရှောက်မှု မူဝါဒများ** သည်လည်း သက်ဆိုင်နိုင်သလို အသုံးလည်းပြုနိုင်ပါသည်။



## **ကာကွယ်စောင့်ရှောက်မှုများ-** အဓိက သဘောတရားများကို ပြန်လည်သုံးသပ်ခြင်း။




UNFCCC လက်အောက်ရှိ REDD+ ကာကွယ်စောင့်ရှောက်မှုများ၏ အဓိကလိုအပ်ချက် သုံးရပ်မှာ-

၁။ REDD+ အကောင်အထည်ဖော်မှုတစ်လျှောက်တွင် ကာကွယ်စောင့်ရှောက်မှုများကို **'ကိုင်တွယ်ဖြေရှင်းခြင်း'** **နှင့်** **'လေးစားမှု'** ရှိရန် လိုအပ်သည်။

၂။ နိုင်ငံအဆင့် **သတင်းအချက်အလက် ကာကွယ်စောင့်ရှောက်မှုစနစ် (SIS)** ထားရှိရန် လိုအပ်ပါသည်။

**၃။ ကာကွယ်စောင့်ရှောင်မှုဆိုင်ရာ အချက်အလက် အကျဉ်းချုပ်များ၊** ကိုင်တွယ်ဖြေရှင်းခြင်းနှင့် လေးစားခြင်းဆိုင်ရာ အစီရင်ခံခြင်းတို့ကို အခါအားလျော်စွာ ထုတ်ပြန်ရန် လိုအပ်ပါသည်။

**ကာကွယ်စောင့်ရှောက်မှုများ-** အဓိက သဘောတရားများကို ပြန်လည်သုံးသပ်ခြင်း။

ကာကွယ်စောင့်ရှောက်မှုများအား ကိုင်တွယ်ဖြေရှင်းခြင်းနှင့် လေးစားလိုက်နာခြင်း။

## "ကိုင်တွယ်ဖြေရှင်းခြင်း"

မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းများ (PLR) နှင့် ဖွဲ့စည်းပုံများ အပါအဝင် အုပ်ချုပ်မှုအစီအစဉ်များသည် ကာကွယ်စောင့်ရှောက်မှုများကို အကောင်အထည် ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ရှိနေပါသည် (*စာရွက်ပေါ်တွင်ထည့်သွင်းဖော်ပြခြင်း*)။

## "လေးစားလိုက်နာခြင်း"

အစီအစဉ်များကို အကောင်အထည်ဖော်နေပြီး အမှန်တကယ် ရလဒ်များကို အကျိုးသက်ရောက်စေပါသည် (*လက်တွေ့လုပ်ဆောင်ခြင်း*)။



**ကာကွယ်စောင့်ရှောက်မှုများ-** အဓိက သဘောတရားများကို ပြန်လည်သုံးသပ်ခြင်း။

---

ကာကွယ်စောင့်ရှောက်မှုများအား ကိုင်တွယ်ဖြေရှင်းခြင်းနှင့် လေးစားလိုက်နာခြင်း - မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း ကြုံတွေ့ရသော အခြေအနေများအား ဥပမာအနေဖြင့် ဖော်ပြခြင်း။

## Cancun Safeguards အား မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုချက်။

အခြေခံစည်းမျဉ်း ဃ၊ အညွှန်းကိန်း ဃ-၁။ မူဝါဒများနှင့် နည်းလမ်းများ အား အစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် အကျိုးသက်ဆိုင်သူများ ပါဝင်ဆောင်ရွက်လာအောင် တက်ကြွစွာ လုပ်ဆောင်သင့်ပြီး ပါဝင်ဆောင်ရွက်နိုင်စွမ်း နည်းပါးသော အကျိုးသက်ဆိုင်သူအုပ်စုများ (ဥပမာ အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများ၊ တိုင်းရင်းသား လူမျိုးစုငယ် များ၊ မြေယာအသုံးချခွင့် တရားဝင် စာရွက်စာတမ်း မရှိသူများ) ကို သင့်လျော်သည့် အစီအမံများ (ဥပမာ ဘာသာစကား အခက် အခဲများနှင့် ဓလေ့ထုံးတမ်း စဉ်လာများကို ထည့်သွင်း စဉ်းစား၍ စွမ်းရည်မြှင့်တင်ပေးခြင်း၊ သင့်လျော်သော ဆက်သွယ်ရေးပုံစံ နည်းလမ်းများ ရွေးချယ်ခြင်း) ဖြင့် ကူညီပံ့ပိုးပေးသင့်ပါသည်။

**<u>“ကိုင်တွယ်ဖြေရှင်းခြင်းလား”</u> သို့မဟုတ် <u>“လေးစားလိုက်နာခြင်းလား”</u>။**
ဥပမာ- ဆက်စပ်ပတ်သက်သူများပါဝင်မှုအတွက် ယန္တရားများ သို့မဟုတ် ပလပ်ဖောင်းများ- အမျိုးသားမြေအသုံးချမှုမူဝါဒ (၂၀၁၆၊ အခန်း ၁၉); တိုင်းရင်းသားအခွင့်အရေးကာကွယ်ရေးဥပဒေ (၂၀၁၅)၊ EIA လုပ်ထုံးလုပ်နည်း (၂၀၁၅)

**<u>“ကိုင်တွယ်ဖြေရှင်းခြင်းလား”</u> သို့မဟုတ် <u>“လေးစားလိုက်နာခြင်းလား”</u>။**
ဥပမာ- ညှိနှိုင်းဆွေးနွေးပွဲ ၄၃ ခု ကျင်းပခဲ့ပြီး၊ REDD+ နှင့် NRS ဆိုင်ရာ အသိပညာပေးရေးပစ္စည်းများကို ဘာသာစကား ၁၀ မျိုးဖြင့် ထုတ်လုပ်ထားပါသည်။

**ကာကွယ်စောင့်ရှောက်မှုများ-** အဓိက သဘောတရားများကို ပြန်လည်သုံးသပ်ခြင်း။

---

ကာကွယ်စောင့်ရှောက်မှုများအား ကိုင်တွယ်ဖြေရှင်းခြင်းနှင့် လေးစားလိုက်နာခြင်း - မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း ကြုံတွေ့ရသော အခြေအနေများအား ဥပမာအနေဖြင့် ဖော်ပြခြင်း။

## Cancun Safeguards အား မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုချက်။

**အခြေခံစည်းမျဉ်း ဃ၊ အညွှန်းကိန်း ဃ-၁။ မူဝါဒများနှင့် နည်းလမ်းများ အား အစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် အကျိုးသက်ဆိုင်သူများ ပါဝင်ဆောင်ရွက်လာအောင် တက်ကြွစွာ လုပ်ဆောင်သင့်ပြီး ပါဝင်ဆောင်ရွက်နိုင်စွမ်း နည်းပါးသော အကျိုးသက်ဆိုင်သူအုပ်စုများ (ဥပမာ အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများ၊ တိုင်းရင်းသား လူမျိုးစုငယ် များ၊ မြေယာအသုံးချခွင့် တရားဝင် စာရွက်စာတမ်း မရှိသူများ) ကို သင့်လျော်သည့် အစီအမံများ (ဥပမာ ဘာသာစကား အခက် အခဲများနှင့် ဓလေ့ထုံးတမ်း စဉ်လာများကို ထည့်သွင်း စဉ်းစား၍ စွမ်းရည်မြှင့်တင်ပေးခြင်း၊ သင့်လျော်သော ဆက်သွယ်ရေးပုံစံ နည်းလမ်းများ ရွေးချယ်ခြင်း) ဖြင့် ကူညီပံ့ပိုးပေးသင့်ပါသည်။**

“ကိုင်တွယ်ဖြေရှင်းခြင်း”- စာရွက်ပေါ်တွင်ထည့်သွင်းဖော်ပြခြင်း။
ဥပမာ- ဆက်စပ်ပတ်သက်သူများပါဝင်မှုအတွက် ယန္တရားများ သို့မဟုတ် ပလပ်ဖောင်းများ- အမျိုးသားမြေအသုံးချမှု မူဝါဒ (၂၀၁၆၊ အခန်း ၁၉); တိုင်းရင်းသားအခွင့်အရေးကာကွယ်ရေးဥပဒေ (၂၀၁၅)၊ EIA လုပ်ထုံးလုပ်နည်း (၂၀၁၅)

**“လေးစားလိုက်နာမှု”- လက်တွေ့လုပ်ဆောင်ခြင်း။**
ဥပမာ- ညှိနှိုင်းဆွေးနွေးပွဲ ၄၃ ခု ကျင်းပခဲ့ပြီး၊ REDD+ နှင့် NRS ဆိုင်ရာ အသိပညာပေးရေးပစ္စည်းများကို ဘာသာစကား ၁၀ မျိုးဖြင့် ထုတ်လုပ်ထားပါသည်။

**ကာကွယ်စောင့်ရှောက်မှုများ-** အဓိက သဘောတရားများကို ပြန်လည်သုံးသပ်ခြင်း။

ကာကွယ်စောင့်ရှောက်မှုများ- REDD+ လုပ်ဆောင်ချက်များ၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ခွဲခြားသတ်မှတ်ခြင်း။

ဥပမာ:

REDD+ လုပ်ဆောင်ချက်
သစ်ခိုးထုတ်မှုကြောင့်သစ်
တောအတန်းအစားကျဆ
င်းခြင်းကိုကိုင်တွယ်ဖြေရှ
င်းရန်အတွက်ကြိုးဝိုင်း
တောစီမံခန့်ခွဲမှုကိုတိုးမြှင့်
အောင်ဆောင်ရွက်ခြင်း

ဖြစ်ပေါ်လာနိုင်ချေရှိသော အကျိုးကျေးဇူးများ
ဥပမာ: မျိုးတုန်းပျောက်ကွယ်လုနီးပါး
ဖြစ်နေသော မျိုးစိတ်များ၏ နေထိုင်ရာ
စားကျက်ကို တိုးမြှင့်ပေးခြင်း

......................................................

......................................................

ဖြစ်ပေါ်လာနိုင်ချေရှိသော အန္တရာယ်များ
ဥပမာ: ဒေသခံပြည်သူများအနေဖြင့်
ကြိုးဝိုင်းတောစီမံခန့်ခွဲမှုတွင် ဝင်ရောက်
ပြောဆိုခွင့် မရှိခြင်း။

......................................................

......................................................

အရင်းအမြစ်- ယူအန်-ရက်ဒ်

**ဘယ်ဟာတွေက ဖြစ်နိုင်ချေရှိတဲ့ အကျိုးကျေးဇူးတွေလဲ၊**
**ဘယ်ဟာတွေက ဖြစ်နိုင်ချေရှိတဲ့ အန္တရာယ်တွေလဲ။**

သစ်တောကာဗွန်
သိုလှောင် မှုများကို
ထိန်းသိမ်း
စောင့်ရှောက်ထားသည်။

သစ်ခိုးထုတ်မှုများသည်
အကာအကွယ်မရှိသော
သစ်တောသို့
ရွှေ့ပြောင်းသွားကြသည်။

ရေစီးရေလာကို
ထိန်းညှိပေးသည်။

PA အတွင်းရှိ ဒေသခံပြည်သူ
များ၏ သစ်တောများအား
အသုံးချနိုင်မှု ကဲ့သို့သော
အခွင့်အရေးများကို လျှော့ချ
ထားသည်။

# ကာကွယ်စောင့်ရှောက်မှုများ- အဓိက သဘောတရားများကို ပြန်လည်သုံးသပ်ခြင်း။

## ကာကွယ်စောင့်ရှောက်မှုများ- REDD+ လုပ်ဆောင်ချက်များ၏ အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ခွဲခြားသတ်မှတ်ခြင်း။

ဥပမာ:

REDD+ လုပ်ဆောင်ချက်
သစ်ခိုးထုတ်မှုကြောင့်သစ်တောအတန်းအစားကျဆင်းခြင်းကိုကိုင်တွယ်ဖြေရှင်းရန်အတွက်ကြိုးဝိုင်းတောစီမံခန့်ခွဲမှုကိုတိုးမြှင့်အောင်ဆောင်ရွက်ခြင်း

ဖြစ်ပေါ်လာနိုင်ချေရှိသော အကျိုးကျေးဇူးများ
ဥပမာ: မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေသော မျိုးစိတ်များ၏ နေထိုင်ရာစားကျက်ကို တိုးမြှင့်ပေးခြင်း

သစ်တောကာဗွန် သိုလှောင် မှုများကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။

ရေစီးရေလာကို ထိန်းညှိပေးသည်။

ဖြစ်ပေါ်လာနိုင်ချေရှိသော အန္တရာယ်များ
ဥပမာ: ဒေသခံပြည်သူများအနေဖြင့် ကြိုးဝိုင်းတောစီမံခန့်ခွဲမှုတွင် ဝင်ရောက်ပြောဆိုခွင့် မရှိခြင်း။

သစ်ခိုးထုတ်မှုများသည် အကာအကွယ်မရှိသော သစ်တောသို့ ရွှေ့ပြောင်းသွားကြသည်။

PA အတွင်းရှိ ဒေသခံပြည်သူ များ၏ သစ်တောများအား အသုံးချနိုင်မှုကဲ့သို့သော အခွင့်အရေးများကို လျှော့ချထားသည်။

အရင်းအမြစ်- ယူအန်-ရက်ဒ်

ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များအား ကာကွယ်စောင့်ရှောက်မှု

**ဒေသဆိုင်ရာ ဆက်စပ်ပတ်သက်သူများနှင့်အတူ ကာကွယ်စောင့်ရှောက်မှုဖော်ဆောင်ရာတွင် ဖြစ်ပေါ် နိုင်သည့် အန္တရာယ်များကိုဖော်ထုတ်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။**

**(သက်ဆိုင်သမျှကို ရွေးချယ်ပါ၊ တစ်ခုထပ် ပိုမိုရွေးချယ်နိုင်ပါသည်)**

A. ပရောဂျက်ကို ဒေသခံ ဆက်စပ်ပတ်သက်သူများက ပိုင်ဆိုင်ပါသည်။

B. ဒေသခံပြည်သူများအား တိုက်ရိုက်နှင့် သွယ်ဝိုက်သော ကောင်းကျိုး၊ ဆိုးကျိုးများ မှ ကာကွယ် ပေးပါသည်။

C. ဒေသဆိုင်ရာဆက်စပ်ပတ်သက်သူများသည်ကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်သော အန္တရာယ်များကို ခွဲခြားသတ်မှတ်ပြီး ကိုင်တွယ်ဖြေရှင်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှု များအတွက် ရှုထောင့်အသစ်များ ဆောင်ကြဉ်းပေးသော အသိပညာရှိသူများ ဖြစ်ပါ သည်။

D. အန္တရာယ်များအား ခွဲခြမ်းစိတ်ဖြာခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ခြင်းတို့ကို ကူညီပေး သည့် စွမ်းဆောင်ရည်များကို တည်ဆောက်ပေးနိုင်ရန် ဖြစ်ပါသည်။

## ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များအား ကာကွယ်စောင့်ရှောက်မှု

**ဒေသဆိုင်ရာ ဆက်စပ်ပတ်သက်သူများနှင့်အတူ ကာကွယ်စောင့်ရှောက်မှုဖော်ဆောင်ရာတွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကိုဖော်ထုတ်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။**

**အမှန်စင်စစ်၊ *ဤအရာများအားလုံးသည် ဒေသဆိုင်ရာ* သက်ဆိုင်သူများနှင့် အန္တရာယ်များကို ကာကွယ်ဖော်ထုတ်ရန် အဓိကအကြောင်းရင်းများ ဖြစ်သည်။**

A. ပရောဂျက်ကို ဒေသခံ ဆက်စပ်ပတ်သက်သူများက ပိုင်ဆိုင်ပါသည်။

B. ဒေသခံပြည်သူများအား တိုက်ရိုက်နှင့် သွယ်ဝိုက်သော ကောင်းကျိုး၊ ဆိုးကျိုးများ မှ ကာကွယ်ပေးပါသည်။

C. ဒေသဆိုင်ရာဆက်စပ်ပတ်သက်သူများသည်ကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်သော အန္တရာယ်များကို ခွဲခြားသတ်မှတ်ပြီး ကိုင်တွယ်ဖြေရှင်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် ရှုထောင့်အသစ်များ ဆောင်ကြဉ်းပေးသော အသိပညာရှိသူများ ဖြစ်ပါ သည်။

D. အန္တရာယ်များအား ခွဲခြမ်းစိတ်ဖြာခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ခြင်းတို့ကို ကူညီပေး သည့် စွမ်းဆောင်ရည်များကို တည်ဆောက်ပေးနိုင်ရန် ဖြစ်ပါသည်။

# မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများ အပေါ် ချဉ်းကပ်မှု နှင့် အဓိကကျသော ကာကွယ်စောင့်ရှောက်မှု နည်းလမ်းများ



UN-REDD PROGRAMME

**မြန်မာနိုင်ငံ၏ အမျိုးသား REDD+ မဟာဗျူဟာ (NRS) သည် REDD+ အကောင်အထည်ဖော်မှုအတွက် အဆိုပြုထားသော မူဝါဒများနှင့် အစီအမံများ (PaMs) ကို ချမှတ်ခဲ့ပါသည်။ ၎င်း၏ ရည်ရွယ်ချက်လေးခုမှာ -**

1. သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်ကာဗွန်ထုတ်လွှတ်မှုကို ၂၀၃၀ တွင် ၃၀% လျှော့ချခြင်း၊
1. ၂၀၃၀ တွင် သစ်တောကာဗွန် သိုလှောင်မှု $CO_2e$ တန်ချိန် သန်း ၉၀ တိုးလာရေး၊
1. အသုံးချခံနေရသော သစ်တောများထက် ရှိရင်းစွဲ ပျက်စီးယိုယွင်းမှုကို လျှော့ချခြင်း၊ နှင့်
1. အနာဂတ်သစ်တောများ ပျက်စီးယိုယွင်းခြင်းမှ ကာကွယ်ခြင်းနှင့် သစ်တောကာဗွန်သိုလှောင်မှုများ (အထူးသဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင်) ထိန်းသိမ်းခြင်း။



## မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများ - ချဉ်းကပ်မှုနှင့် နည်းလမ်းများ

**REDD+ Safeguards ဆိုင်ရာ နိုင်ငံအဆင့်**ချဉ်းကပ်မှုသည် ၎င်းချဉ်းကပ်မှုအား ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သည့် အဆင့်များ အပါအဝင် အကာအကွယ်များ အတွက် မြန်မာနိုင်ငံ၏ နိုင်ငံအဆင့်ချဉ်းကပ်မှု၊ နှင့် အဓိက လုပ်ဆောင်ချက်များ နှင့် ယန္တရားများ တို့ကို ဖေါ်ပြထားသည်။

I. အကာအကွယ်များကို ကိုင်တွယ်ဖြေရှင်းပေးသည့် **မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းများ (PLRs) များကို** လေ့လာခြင်း ၊

II. REDD+ မူဝါဒများနှင့် အစီအမံများ၏ **အလားအလာရှိသော အကျိုးကျေးဇူးများနှင့် အန္တရာယ်များ ကို** အကဲဖြတ်ခြင်း ၊

III. ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း၊

IV. အကာအကွယ်များကို လေးစားလိုက်နာကြောင်း သေချာစေရန် **အဖွဲ့အစည်းဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စွမ်းဆောင်ရည်များ ၊**

V. **ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း (FPIC)၊ နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး** ယန္တရား **(GRM)၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးမှု စသည်ဖြင့်၊**

VI. REDD+ အကာအကွယ်များကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းကြောင်းနှင့် လေးစားလိုက်နာကြောင်း အချက်အလက်များရရှိနိုင်သည့် စနစ် (SIS)။

## UNFCCC ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံ၏အခြေအနေများနှင့် ကိုက်ညီအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်

၎င်း အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းချက်သည် Cancun Safeguards ၏ အဓိပ္ပါယ်ကို မြန်မာနိုင်ငံ၏ အခြေအနေဖြင့် ကိုက်ညီအောင် နှင့် နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်လိုသူများမှ နားလည် လက်ခံထားသော ဝေါဟာရများကို အသုံးပြုပြီး ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။

၎င်းသည် မြန်မာနိုင်ငံတွင် အရေးကြီးဆုံးဖြစ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပူးတွဲအကျိုးခံစားခွင့်များ ကဲ့သို့သော ဦးစားပေးကိစ္စရပ်များကို ခွဲခြားသတ်မှတ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိမူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းဘောင်များကို ထည့်သွင်းစဉ်းစားထားပါသည်။





**Safeguard A**
Align with forest policies, programs and international commitments



**Safeguard B**
Support transparent and effective forest governance



**Safeguard C**
Respect the knowledge and rights of communities and indigenous peoples



**Safeguard D**
Support full and effective stakeholder participation



**Safeguard E**
Conserve natural forest and biodiversity, and promote other benefits



**Safeguard F**
Reduce risks of reversals



**Safeguard G**
Reduce risks of displacement

# အခြေခံစည်းမျဉ်း ၇ ချက်

## Safeguard A



**အခြေခံစည်းမျဉ်း က**
သစ်တောမူဝါဒများ၊ အစီအစဉ်များ၊
နိုင်ငံတကာ ကတိကဝတ်များနှင့် ကိုက်ညီသည်

## Safeguard B



**အခြေခံစည်းမျဉ်း ခ**
ပွင့်လင်းမြင်သာ၍ ထိရောက်သော
သစ်တောအုပ်ချုပ်ရေးအား ပံ့ပိုးပေးသည်

## Safeguard C



**အခြေခံစည်းမျဉ်း ဂ**
ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူထု၏
အသိပညာဗဟုသုတနှင့်
အခွင့်အရေးများကို လေးစားသည်

## Safeguard D



**အခြေခံစည်းမျဉ်း ဃ**
အကျိုးသက်ဆိုင်သူများ၏
ထိရောက်သော ပူးပေါင်းပါဝင်မှု၊
အပြည့်အဝ ပူးပေါင်းပါဝင်မှုအား
ထောက်ပံ့သည်

## Safeguard E



**အခြေခံစည်းမျဉ်း င**
သဘာဝသစ်တောများနှင့်
ဇီဝမျိုးစုံမျိုးကွဲများအား
ထိန်းသိမ်းစောင့်ရှောက်ပြီး
အခြား အကျိုးကျေးဇူးများ မြှင့်တင်သည်

## Safeguard F



**အခြေခံစည်းမျဉ်း စ**
မူလအခြေအနေသို့
ပြန်လည်ရောက်ရှိနိုင်မှု (reversal)
ဖြစ်နိုင်ခြေအန္တရာယ်များကို
လျှော့ချသည်

## Safeguard G



**အခြေခံစည်းမျဉ်း ဆ**
နေရာရွှေ့ပြောင်းဖြစ်ပေါ်မှု
(displacement) အန္တရာယ်များကို
လျှော့ချသည်

## အဓိကကျသော ကာကွယ်စောင့်ရှောက်မှုနည်းလမ်းများ

- သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို အကဲဖြတ်ခြင်း။
- ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း (FPIC)
- နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး ယန္တရား (GRM)
- အကျိုးအမြတ်ခွဲဝေမှု အစီအစဉ်/ယန္တရားများ
- ဆက်စပ်ပတ်သတ်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းအပေါ် အထောက်အကူပြုသော ယန္တရားများ



# ကာကွယ်စောင့်ရှောက်မှုများ- မြန်မာနိုင်ငံရှိ REDD+ အတွက် အကာအကွယ်များ အကောင်အထည်ဖော်ရေးလမ်းညွှန်ချက်



အကာအကွယ်ပေးရေး **လမ်းညွှန်ချက်စာတမ်းတွင်** နောက်ခံအချက်အလက်၊ အဆင့်ဆင့်သော ညွှန်ကြားချက်များနှင့် အကဲဖြတ်မှုစာရင်းများ ပါဝင်ပါသည်။

စာတမ်း၏ရည်ရွယ်ချက်:

REDD+ လုပ်ဆောင်ချက်များကို စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်စဉ်အတွင်း မြန်မာနိုင်ငံ အကာအကွယ်ပေးရေး ချဉ်းကပ်မှု နှင့်/သို့မဟုတ် ဆက်စပ်လုပ်ငန်းစဉ်များကို ကျင့်သုံးနိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊

ဘယ်သူတွေအတွက်လဲ:

မြန်မာနိုင်ငံရှိ REDD+ လုပ်ဆောင်ချက်များကို စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများအတွက် ဦးစီးဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ စီမံကိန်းရေးဆွဲသူများနှင့် အကောင်အထည်ဖော်ဆောင်သူများ၊

## ၎င်းတွင် မည်သည့်အရာများပါဝင်သနည်း။

အောက်ဖော်ပြပါ အကြောင်းအရာများအား အကောင်းဆုံး လုပ်ဆောင် မှုများ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံ အချက်အလက်များနှင့် လမ်းညွှန်ချက်များ-

I. REDD+ စီမံကိန်းနှင့် အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်း။

II. ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်းနှင့် နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး ယန္တရားများကို အလေးထားခြင်း ။

III. ဆက်စပ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှု၊ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် အကျိုးအမြတ်ခွဲဝေမှုတို့ကို သေချာစေခြင်း။

IV. ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ဆက်သွယ်ရေးကို မြှင့်တင်ခြင်း။

V. သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

VI. ပြောင်းပြန်ဖြစ်မှုများနှင့် နေရာရွှေ့ပြောင်းမှုများကို ရှောင်ကြဉ် ခြင်း။

VII. စောင့်ကြည့်ခြင်း၊ နှင့် အကဲဖြတ်ခြင်း။



## ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ အကဲဖြတ်မှုစာရင်းများ- REDD+ စီမံကိန်းနှင့် အကောင်အထည်ဖော်မှုတွင် လိုအပ်သော စံနှုန်းများနှင့် အဆင့်များအားလုံးကို ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေရန်

| | | |
|---|---|---|
| အကဲဖြတ်မှုစာရင်း ၁.၁။ REDD+ စီမံကိန်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်များ | အကဲဖြတ်မှုစာရင်း ၁.၂။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စိစစ်ခြင်းနှင့် သက်ရောက်မှု အကဲဖြတ်ခြင်း။ | အကဲဖြတ်မှုစာရင်း ၁.၃။ ကာဗွန်နှင့် ကာဗွန်မဟုတ်သော အကျိုးခံစားခွင့်များ |
| အကဲဖြတ်မှုစာရင်း ၂.၁။ ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC) | အကဲဖြတ်မှုစာရင်း ၂.၂။ နစ်နာမှုများ ကို ပြန်လည်ဖြေရှင်းရေး ယန္တရား (GRM) | |
| အကဲဖြတ်မှုစာရင်း ၃.၁။ ဆက်စပ်ပတ်သက်သူများ ၏ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများ | အကဲဖြတ်မှုစာရင်း ၃.၂။ အကျိုးကျေးဇူး များမျှဝေခြင်း။ | |
| အကဲဖြတ်မှုစာရင်း ၄.၁။ သတင်းအချက်အလက် မျှဝေမှု၊ ဆက်သွယ်ရေးနှင့် ပွင့်လင်းမြင်သာမှု | | |
| အကဲဖြတ်မှုစာရင်း ၅.၁။ သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ | | |
| အကဲဖြတ်မှုစာရင်း ၆.၁။ ပြောင်းပြန်ဖြစ်မှုများ (Reversals) နှင့် နေရာရွှေ့ပြောင်းမှု (displacement) | | |
| အကဲဖြတ်မှုစာရင်း ၇.၁။ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်း။ | | |

# ကာကွယ်စောင့်ရှောက်မှု သဘောတရားများနှင့် လမ်းညွှန်ချက်အပေါ် သင်တန်းသားများအနေဖြင့် မှတ်ချက်များနှင့် မေးခွန်းများ မေးမြန်းနိုင်ပါသည်။





# REDD+ အစီအစဉ်ရေးဆွဲခြင်း၊ သက်ရောက်မှု အကဲဖြတ်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း။

(အခန်း ၁၊ အကာအကွယ်များ
အကောင်အထည်ဖော်ရေးလမ်းညွှန်ချက်)

**REDD+** အစီအစဉ်ရေးဆွဲခြင်းဆိုသည်မှာ REDD+ ကို အကောင်အထည်ဖော်ရန်အတွက် REDD+ မူဝါဒများနှင့် ဆောင်ရွက်မှုများ (PaMs) ဟုခေါ်သော လုပ်ဆောင်ချက်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရည်ညွှန်းသည်၊

- လုပ်ဆောင်ချက်၏ရည်ရွယ်ချက်များ
- သီးခြားဆောင်ရွက်ချက်များ
- အချိန်ဇယား
- REDD+ ကို အကောင်အထည်ဖော်ရန်အတွက် အခြားသော အရေးကြီးသည့်ကဏ္ဍများ- များသောအားဖြင့် ပထဝီဝင် ဧရိယာ သို့မဟုတ် နေရာတစ်ခုခု။

**REDD+ လုပ်ဆောင်ချက်များ၏ ဥပမာများ-**

- ➢ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်း။
- ➢ သစ်တောထောက်ခံချက်ရရှိနိုင်ရန် မြှင့်တင်ပေးခြင်း။
- ➢ ဒီရေတောများ ပြန်လည်ထူထောင်ခြင်း။

အားကောင်းသော REDD+ အစီအစဉ်ရေးဆွဲခြင်းသည် အောက်ပါ**တို့အတွက် မရှိမဖြစ် လိုအပ် ပါသည်-**

- ဖြစ်နိုင်ချေရှိပြီး ရေရှည်တည်တံ့သော REDD+ လုပ်ဆောင်ချက်များ၊
- ပါဝင်ပတ်သက်သူများ၏ အမြင်များ ပါဝင်ခြင်း၊
- မျှော်လင့်ထားသည့် အကျိုးကျေးဇူးများစွာအား ရရှိနိုင်စေရန် ကူညီပေးခြင်း (ကာဗွန်၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ)၊
- ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးလက္ခဏာများ၏ သက်ရောက်မှုများကို အကဲဖြတ်ခြင်း နှင့် ရှောင်ရှားခြင်း သို့မဟုတ် လျှော့ချခြင်း။

**REDD+ ၏ အခြားသော ကဏ္ဍများစွာနှင့် ထပ်တူကျနေသော အရေးကြီးသည့်အဆင့် (ဥပမာ- FPIC လုပ်ဆောင်ခြင်း၊ ပြောင်းပြန်ဖြစ်မှုများနှင့်ဆက်စပ်သော အန္တရာယ်များကို လျှော့ချ ခြင်း၊ သဘာဝသစ်တောများကာကွယ်ခြင်း)၊**

- **အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်း ဆိုသည်မှာ ဒေသခံများ**နှင့် ၎င်းတို့၏ ပတ်ဝန်းကျင်အတွက် လုပ်ဆောင်မှုတစ်ခု၏ ဖြစ်နိုင်ချေရှိသော ဂယက်ရိုက်ခတ်မှုများကို ထည့်သွင်းစဉ်းစားခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ်ကို ရည်ညွှန်းသည်။

- ပူးတွဲအကျိုးခံစားခွင့်များ ဟုလည်းသိကြသော REDD+ ၏ အကျိုးကျေးဇူးအများအပြားမှာ REDD+ မှ ပေးဆောင်နိုင်သည့် ကာဗွန်သိုလှောင်မှုအပြင် အခြားသော လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အကျိုးကျေးဇူးများလည်း ပါဝင်ပါသည်။



**အကာအကွယ်များ လမ်းညွှန်** ချက်သည် ခိုင်မာသော အစီအစဉ်ရေးဆွဲခြင်း၊ အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းနှင့် ဆက်စပ် တိုင်ပင်ဆွေးနွေးမှုများအတွက် အဆင့်ဆင့် အကြံပြုချက်များ ပေးပါသည်။

**က။** သက်ရောက်မှုအကဲဖြတ်ခြင်းအပါအဝင် စီမံကိန်းလုပ်ငန်းစဉ်အတွက် ပြင်ဆင်ပါ။

**ခ။** သစ်တော၊ လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို **ခွဲခြမ်းစိတ်ဖြာ** ပါ။

**ဂ။** အကျိုးသက်ရောက်မှု**အကဲဖြတ်ခြင်း**အပါအဝင် ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များမှတဆင့် စီမံချက်ချပါ။

**ဃ။ စောင့်ကြည့်ခြင်း၊** စောင့်ကြည့်ရေးမူဘောင်ကို ဖော်ဆောင်ပါ။

**င။ ရန်ပုံငွေ၊** အသေးစိတ်ဘတ်ဂျက်ဘတ်ဂျက်ပြင်ဆင်ပါ။

**အဓိက လုပ်ဆောင်ချက်များ-** REDD+ အစီအစဉ်ရေးဆွဲခြင်း

*REDD+ အတွက် ခိုင်မာသော အစီအမံ လုပ်ငန်းစဉ်၏ စီးဆင်းမှု ပုံကြမ်း*

*(ဒေသအဆင့် REDD+ လုပ်ဆောင်ချက်အစီအစဉ် လမ်းညွှန် မှ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ထားပါသည်)*

# REDD+ စီမံကိန်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်များ- အကဲဖြတ်မှုစာရင်း ၁.၁။

ရည်ရွယ်ချက်- အစီအစဉ်ရေးဆွဲခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းစဉ်များအတွက် အဆင့်များ နှင့် အကောင်းဆုံးအလေ့အကျင့်များကို REDD+ လုပ်ဆောင်ချက်များ ဖော်ဆောင်စဉ်တွင် လိုက်နာကြောင်းနှင့် ရလဒ်များကို မှတ်တမ်းတင်ကြောင်း သေချာစေခြင်း။

အကျိုးဝင်သော အကြောင်းအရာများ

- ဒေတာလိုအပ်ချက်နှင့် ရရှိနိုင်မှု
- အစီအစဉ်ရေးဆွဲခြင်းအတွက် ဆက်စပ်ပတ်သက်သူများအား ဖော်ထုတ်ခြင်း။
- ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်ခြင်း။
- စွမ်းဆောင်ရည် မြှင့်တင်ရန် လိုအပ်ချက်များအား ဖော်ထုတ်ခြင်း။
- CF နှင့် ပတ်သက်သော အချက်အလက်များအား ဆက်စပ်ပတ်သက်သူများမှ ရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်း။
- မြေယာလုပ်ပိုင်ခွင့်/ မြေယာအခွင့်အရေး
- နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး ယန္တရား
- လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ချက်များ (စစ်ဆေးရန်စာရင်း ၁.၂)
- စောင့်ကြည့်အကဲဖြတ်ခြင်း မူဘောင်

၎င်းအကဲဖြတ်မှုစာရင်း အား အစီအစဉ် ရေးဆွဲ ခြင်း <u>အဆင့်ပြီးစီးခြင်း</u> နှင့်အတူ ဆောင်ရွက်သင့်ပါသည်။

**အဓိက အကဲဖြတ်မှုစာရင်းများ- အကဲဖြတ်မှုစာရင်း ၁.၁။ REDD+ စီမံကိန်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်များ**

**သို့သော် အခြားသော အကဲဖြတ်မှုစာရင်းများသည် အစီအစဉ်ရေးဆွဲခြင်းအဆင့်နှင့်လည်း သက်ဆိုင်ပါသည်-**

အကဲဖြတ်မှုစာရင်း ၁.၂။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စိစစ်ခြင်းနှင့် သက်ရောက်မှု အကဲဖြတ်ခြင်း။
အကဲဖြတ်မှုစာရင်း ၁.၃။ ကာဗွန်နှင့် ကာဗွန်မဟုတ်သော အကျိုးခံစားခွင့်များ
အကဲဖြတ်မှုစာရင်း ၂.၁။ ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC)
အကဲဖြတ်မှုစာရင်း ၂.၂။ နစ်နာမှုများ ကို ပြန်လည်ဖြေရှင်းရေး ယန္တရား (GRM)
အကဲဖြတ်မှုစာရင်း ၃.၁။ ဆက်စပ်ပတ်သက်သူများ ၏ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများ
အကဲဖြတ်မှုစာရင်း ၃.၂။ အကျိုးကျေးဇူး များမျှဝေခြင်း။




# ဆက်စပ်ပတ်သက်သူများ ၏ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု (အခန်း ၃၊ အကာအကွယ်များ အကောင်အထည်ဖော်ရေးလမ်းညွှန်ချက်)

## ဆက်စပ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှု-

ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ဆောင်ချက်ကြောင့် ထိခိုက်နိုင်သူများ သို့မဟုတ် ၎င်း၏ အကောင်အထည်ဖော်မှု၊ ဆုံးဖြတ်ချက်ချရာတွင်၊ ဒီဇိုင်းနှင့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရာတွင် ဆုံးဖြတ်ချက်ချပေးနိုင်သူများ ပါဝင်ဆောင်ရွက်ခြင်း။

## စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း-

ကျွမ်းကျင်မှုများ၊ အသိပညာအခြေခံ၊ စွမ်းဆောင်ရည်များ၊ လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းများ၏ အရင်းအမြစ်များ၊ စသည်တို့အား ဖွံ့ဖြိုးလာစေရန်နှင့် အားကောင်းလာစေရန် လုပ်ဆောင်ပေးခြင်း။

## REDD+ ညှိနှိုင်းဆွေးနွေးခြင်း-

REDD+ ကို နိုင်ငံအဆင့်နှင့် ဒေသအဆင့်တွင် ပေါင်းစပ်ညှိနှိုင်းရန်နှင့် ၎င်း၏နေ့စဉ် အကောင်အထည်ဖော်မှုကို စီမံခန့်ခွဲရန် ဖွဲ့စည်းပုံနှင့် အစီအစဉ်များ ချမှတ်ကာဆောင်ရွက်ခြင်း။

## REDD+ တွင် ပူးပေါင်းပါဝင်ခြင်းသည် အောက်ပါတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်-

- အစီအစဉ်ရေးဆွဲခြင်းမှ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းအထိ REDD+ ၏ အဆင့်အားလုံးတွင် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်ခြင်း။

- သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများ၏ အပြည့်အဝ ထိရောက်သော ပူးပေါင်းပါဝင်မှုသည် REDD+ ၏ တရားဝင်မှုနှင့် ရေရှည်တည်တံ့မှုကို တိုးမြှင့်စေခြင်း။

ပါဝင်နိုင်မှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် သတင်းအချက်အလက် မျှဝေခြင်းအတွက် အစီအစဉ်များတွင် ဆက်စပ်ပတ်သက်သူများအားလုံးပါဝင်နိုင်မှု ရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အထူးသဖြင့် ဒေသခံလူထု၊ တိုင်းရင်းသားအုပ်စုများနှင့် ဘေးဖယ်ခံထားရသော လူမှုအဖွဲ့အစည်းများမှ လူများပါဝင်ခွင့်ပြုရန် သေချာစေရပါမည်။

## REDD+ စီမံကိန်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်များ - ဆက်စပ်ပတ်သက်သူများ ၏ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများ၏ အရေးပါမှု

# **အဓိကလုပ်ဆောင်ချက်များ-** REDD+ တွင် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်မှု




*ဆက်စပ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှု အလားအလာအဆင့်များ*

## REDD+ စီမံကိန်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်များ - ဆက်စပ်ပတ်သက်သူများ ၏ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများ၏ အရေးပါမှု




# ဆက်စပ်ပတ်သက်သူများ ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် အဓိကအဆင့်ရှစ်ခု

(Stakeholder Engagement Guidelines၊ 2016)

# REDD+ တွင် ပူးပေါင်းပါဝင်မှုသည် အောက်ပါတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်-

- ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု မြှင့်တင်ရန် ရည်ရွယ်ခြင်း။
- မြေယာအသုံးပြုမှုနှင့် မြေယာအသုံးချမှု စီမံကိန်းများ ကဏ္ဍစုံ ပေါင်းစပ်ညှိနှိုင်းမှုကို အားကောင်းစေခြင်း။
- လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကို မှန်ကန်စွာ ထည့်သွင်းစဉ်းစားခြင်း။
- ရှိပြီးသားအစီအစဉ်များအပေါ် ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ခြင်း။
- ဆက်စပ်ပတ်သက်သူများ အားလုံးပါဝင်ရေးကို မြှင့်တင်ခြင်း။



## REDD+ ညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းစဉ်များ**ကို တည်ထောင်ရန်/ လိုက်လျောညီထွေဖြစ်စေရန် အဓိကလုပ်ဆောင်မှုများ**

- အကောင်အထည်ဖော်မှုအစီအစဉ်များ၊ ညှိနှိုင်းရေးယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ခြင်း။
- ကဏ္ဍစုံ ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားများတွင် ပါဝင်သည့် အဓိကကဏ္ဍများကို ဖော်ထုတ်ခြင်း။
- ပေါင်းစပ်မြေယာအသုံးချမှု စီမံကိန်းနှင့် စီမံခန့်ခွဲမှုကို မြှင့်တင်ခြင်း။

# ဆက်စပ်ပတ်သက်သူများ ၏ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများ- အကဲဖြတ်မှုစာရင်း ၃.၁။

ရည်ရွယ်ချက်- REDD+ စီမံကိန်းနှင့် အကောင်အထည်ဖော်မှုတွင် ဆက်စပ်ပတ်သက်သူများ ပြည့်ပြည့်ဝဝ နှင့် ထိရောက်သော ပူးပေါင်းပါဝင်မှု ညှိနှိုင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်အတွက် လိုအပ်သော စံနှုန်းများနှင့် အဆင့်များအားလုံးကို ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေရန်ဖြစ်ပါသည်။

- ➢ ၃.၁.၁။ ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်မှုနှင့် စွမ်းရည်မြှင့်တင်ခြင်းများ
- ➢ ၃.၁.၂။ REDD+ ညှိနှိုင်းရေးယန္တရားများ

အကျုံးဝင်သော အကြောင်းအရာများ

- အကောင်အထည်ဖော်ရန် ဆက်စပ်ပတ်သက်သူများကို ဖော်ထုတ်ခြင်း။
  - ဘေးဖယ်ခံထားရသောအုပ်စုများ- ပါဝင်သူများအားလုံး x ကိုယ်စားလှယ်များ
- ဆက်စပ်ပတ်သက်သူများ၏ စွမ်းဆောင်ရည် ကွာဟချက်အား ဖော်ထုတ်ပြီး တိုးမြှင့်အောင် ဆောင်ရွက်ခြင်း။
- Stakeholder engagement plan (အကောင်အထည်ဖော်မှုမှ M&E အထိ)
- ညှိနှိုင်းရေးယန္တရားများ (လုပ်ငန်းအဖွဲ့များ၊ ကော်မတီများ၊ စသည်)၊
- မြေယာအသုံးပြုမှု သို့မဟုတ် စီမံခန့်ခွဲရေးစီမံကိန်း

ငင်း အကဲဖြတ်မှုစာရင်းအား REDD+ လုပ်ဆောင်ချက်/များ အကောင်အထည်ဖော်မှု အစတွင် အပြီးသတ်သင့်ပါသည်။



# ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တော-ဖြစ်ရပ်မှန်လေ့လာမှု (Case Study)

## ဝါးကုန်းကျေးရွာ၊ ပြင်-ဒါယယ် ကြိုးဝိုင်းတော

- အိမ်ထောင်စုအများစုသည် ဗမာလူမျိုးအများစုဖြစ်ပြီး ဒုတိယအကြီးဆုံးတိုင်းရင်းသားအုပ်စုမှာ ရခိုင်ဖြစ်ပြီး အသေးဆုံးအုပ်စုမှာ ကရင်ဖြစ်ပါသည်။
- သစ်တောထိန်းသိမ်းရေးနှင့် သစ်တောပြန်လည်ထူထောင်ရေး အစီအစဉ်ကို စိတ်ဝင်စားသည့် အိမ်ထောင်စု ၄၅ စု ရှိပါသည်။
- အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် ဒီရေတောများမှ ရရှိနိုင်သော ထင်း၊ မျှောတိုင်၊ သစ်သားတိုင် နှင့် သစ်များပေါ်တွင် မှီခိုနေရပါသည်။
- သစ်တောစိုက်ခင်းများ စီမံခန့်ခွဲရေးနှင့် သဘာဝသစ်တော ထိန်းသိမ်းရေး ရည်ရွယ်ချက်
  - ကျေးရွာ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်ရေး။
  - သစ်တောထွက်ကုန်များ ရရှိနိုင်မှု တိုးမြင့်ရေး။
  - သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး။



**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဖြစ်ရပ်မှန်လေ့လာမှု -** ဝါးကုန်းကျေးရွာ

- ပုံမှန်ရာသီဥတုမှာ စိုစွတ်ပြီး စိုထိုင်းစများသည်။
- မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မြေမျက်နှာသွင်ပြင်မှာ အများအားဖြင့် ပြန့်ပြူးသည်။
- ရာသီအလိုက် ရေမြုပ်နေသည့် ကန်များနှင့် အချို့နေရာများတွင် သဲသောင်ခုံငယ်များရှိသည်။
- အဓိကမြေအမျိုးအစားမှာ ရွှံ့၊ သဲမြေများ ၊ ရွှံ့နုံးများ၊ သဲသောင်များ ၊ ဖြစ်သည်။
- စုစုပေါင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာသည် ဧက ၂၅၀ ခန့်ရှိပြီး ဧက ၁၅၀ တွင် ပျက်စီးသွားသော သစ်တောများနှင့် လယ်မြေများ ပါဝင်ပါသည်။
- ဧရိယာအများစုကို လယ်ယာမြေအဖြစ်သို့ ပြောင်းလဲခဲ့ပြီး ယခုအခါ သစ်ပင်များ စိုက်ပျိုးနိုင်သည့် ဧရိယာသည် ဆားငန်/အက်စစ်ရှိသော မြေ သို့မဟုတ် အထွက်နှုန်းနည်းသော ယခင် စပါး စိုက်ပျိုးခဲ့သည့် ဧရိယာများ ဖြစ်သည်။
- ကျန်မျိုးစိတ်/အသီးအရွက် အများစုမှာ သပြေ၊ ကနာဆို၊ ပြူး၊ သမဲ၊ မဒမ၊ ရေခယာ၊ နှင့် အချို့နေရာများတွင် မလိုလားအပ်သော ချုံပုတ်များနှင့် ပေါင်းပင်များ ရှိသည်။

## သစ်တောစိုက်ခင်းအတွက် မြေနေရာ စီမံခန့်ခွဲမှု

အဆိုပြုထားသော လုပ်ဆောင်ချက်များ-

- ၁ ဧက ကျယ်ဝန်းသော ပျိုးခင်းတစ်ခု တည်ထောင်ခြင်း။
- ဩဘမဲနှင့် ကွန်ပုလာကဲ့သို့သော ဒီရေတောမျိုးစိတ်များကို ဦးစွာစိုက်ပျိုးခြင်း။
    - ဒီရေတောမျိုးစေ့ (၁၅၀၀၀)ခန့်ကို ပလတ်စတစ်အိတ်နှင့် အစေ့ခင်းနှစ်ခုလုံးတွင် နှစ်စဉ်ကြဲချခြင်း။
- စိုက်ခင်းပြင်ဆင်ခြင်း နှင့် စိုက်ပျိုးခြင်း။
- ပေါင်းသတ်ခြင်း၊ မီးဘေးကာကွယ်ရေး၊ နှင့် ပြုစုပျိုးထောင်ခြင်း။
- သစ်ခုတ်ထွင်ရန် လုံးပတ်ပြည့်မီချိန်အား စောင့်ဆိုင်းခြင်း၊ သစ်ခုတ်ထွင်ခြင်း ၊ ဖြန့်ဖြူးခြင်း။



# သဘာဝအတွင်းပေါက်ရောက်နေသော သစ်တောများ ကာကွယ်ထိန်းသိမ်းခြင်းအတွက် စီမံခန့်ခွဲမှု

အဆိုပြုထားသော လုပ်ဆောင်ချက်များ-

- ဝါးကုန်းကျေးရွာတစ်ဝိုက်ရှိ သဘာဝအလျောက် ပျက်စီးနေသော ဒီရေတော ဧက ၁၅၀ ကို ပြုစုပျိုးထောင်ပေးခြင်း။
- အပင်ငယ်များ ပေါက်ရောက်မှုအားကောင်းစေရန် အတွက် အပုံစံကာဆိုင်းခုတ်လှဲခြင်း နှင့် နွယ်ဖြတ်သောင်ပတ်လို ခြင်း လုပ်ငန်းများအား လိုအပ်သလို ဆောင်ရွက်ခြင်း။
- ၅ နှစ်ကြာအနားပေးပြီးနောက် သစ်ခုတ်ထွင်ခြင်း။
- ခုတ်ထွင်ထားသော သစ်ထုတ်ကုန်များအား ဖြန့်ဝေခြင်း။





# ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တော- ဖြစ်ရပ်မှန်လေ့လာမှုကို အခြေခံ၍ အကဲဖြတ်မှုစာရင်းကို လေ့ကျင့်ခြင်း

# အကဲဖြတ်မှုစာရင်းလေ့ကျင့်ခြင်း - ၂၀ မိနစ်

အကဲဖြတ်မှုစာရင်းနှစ်ခုကို လုပ်ဆောင်ရန် ဝါးကုန်းကျေးရွာ ဖြစ်ရပ်မှန်လေ့လာမှုကို အသုံးပြုပါမည်။

- ➢အုပ်စု ၁- စီမံကိန်းရေးဆွဲခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း (အကဲဖြတ်မှုစာရင်း ၁.၁။)
- ➢အုပ်စု ၂- ဆက်စပ်ပတ်သက်သူများ ၏ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု
- ➢ယန္တရားများ (အကဲဖြတ်မှုစာရင်း ၃.၁။)

အဆင့် ၁- သင့်အဖွဲ့ကို ရွေးချယ်ပါ။

အဆင့် ၂- အကဲဖြတ်မှုစာရင်း (မျှဝေထားသောဖိုင်တွဲတွင်) ကိုဖတ်ပြီး မရှင်းလင်းသည့် အရာများကို သင်တန်းနည်းပြထံသို့ မေးမြန်းနိုင်ပါသည်။

အဆင့် ၃- အုပ်စုတစ်ခုစီသည် ဝါးကုန်းကျေးရွာ အကြောင်း သင်သိထားသောအရာများ အပေါ် အခြေခံ၍ အကဲဖြတ်မှုစာရင်းမှ မေးခွန်းသုံးခုကို ဖြေပေးရပါမည်။

အဆင့် ၄- အုပ်စုအတွင်း ရရှိလာသော လုပ်ဆောင်ချက်များနှင့် ဆွေးနွေးချက်များအား ပြန်အစီရင်ခံပါ။

## **ပထမနေ့သင်တန်း၏ အနှစ်ချုပ်-** ပါဝင်သော အကြောင်းအရာများ။

ကာကွယ်စောင့်ရှောက်မှုများအား
မိတ်ဆက်ပေးခြင်း။

REDD+ နှင့် မြန်မာနိုင်ငံ၏
ကာကွယ်စောင့်ရှောက်မှုများ

အကာအကွယ်များ
အကောင်အထည်ဖော်ရေး
လမ်းညွှန်ချက်

အကဲဖြတ်မှုစာရင်း ၁.၁။ REDD+
စီမံကိန်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း
လုပ်ငန်းစဉ်များ

အကဲဖြတ်မှုစာရင်း ၃.၁။
ဆက်စပ်ပတ်သက်သူများ ၏
ပူးပေါင်းပါဝင်မှုနှင့်
ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများ

ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တော-
ဖြစ်ရပ်မှန်လေ့လာခြင်း

# မြန်မာနိုင်ငံဒီရေတောများ - အနာဂတ် သင်တန်းဆရာများ (Training of Trainers- ToT) ပေါ်ပေါက်လာစေရန် ရည်ရွယ်သင်တန်းပေးခြင်း

UN-REDD
PROGRAMME

Food and Agriculture Organization of the United Nations

UNDP

UN environment programme

## မြန်မာနိုင်ငံရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတွင် REDD+ ကာကွယ်စောင့်ရှောက်မှု (Safeguards) အား အကောင်အထည်ဖော်ဆောင်ခြင်း



သင်တန်းဒုတိယရက်: ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့

UN-REDD နည်းပညာအထောက်အပံ့ပေးခြင်းစီမံကိန်း: **"ဒီရေတောများ ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှု၊ ပြန်လည် ထူထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကို မြန်မာနိုင်ငံ REDD+ အကောင်အထည်ဖော်ဆောင်ရေးဖြင့် ပေါင်းစည်းခြင်း"**

# သင်တန်း ဒုတိယနေ့

| **မြန်မာစံတော်ချိန် (အရှည်)** | **အပိုင်း** | **အစီအစဉ်တင်ဆက်သူ** |
|---|---|---|
| ၁၅ နာရီ ၃၀ မှ ၁၅ နာရီ ၄၀ **(၁၀ မိနစ်)** | သင်တန်းပထမရက် အနှစ်ချုပ်နှင့် သင်တန်းဒုတိယရက်အတွက် ခြုံငုံသုံးသပ်ချက် | UNEP-WCMC စည်းရုံးရေးမှူးများ |
| ၁၅ နာရီ ၄၀ မှ ၁၆ နာရီ ၃၅ **(၅၅ မိနစ်)** | ၁။ FPIC၊ GRM နှင့် အကျိုးအမြတ်ခွဲဝေမှု၊<br>၂။ သဘာဝသစ်တောများ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ;<br>၃။ စောင့်ကြည့်အကဲဖြတ်ခြင်း (M&E) | UNEP-WCMC စည်းရုံးရေးမှူးများ |
| | ***လက်ဖက်ရည်သောက်နားချိန်/ အနားယူချိန် – ၅ မိနစ်*** | |
| ၁၆ နာရီ ၄၀ မှ ၁၇ နာရီ ၁၅ **(၃၅ မိနစ်)** | အကဲဖြတ်မှုစာရင်းများဆိုင်ရာ လေ့ကျင့်ခန်း။ | UNEP-WCMC စည်းရုံးရေးမှူး \| UN-REDD စည်းရုံးရေးမှူးများ |
| ၁၇ နာရီ ၁၅ မှ ၁၇ နာရီ ၂၅ **(၁၀ မိနစ်)** | သင်တန်းဒုတိယရက်မှ သင်ခန်းစာများအား ပြန်လည်သုံးသပ်ခြင်း၊ | UNEP-WCMC စည်းရုံးရေးမှူးများ |
| ၁၇နာရီ ၂၅ မှ ၁၇ နာရီ ၃၀ **(၅ မိနစ်)** | အပိတ်အမှာစကား | UNEP? FAO? UNDP? |

# တင်ပြမည့် အချက်အလက်များအပေါ် ဘာသာပြန်ဆိုချက်ကို ရယူနိုင်မည့်နေရာ



# သင်တန်းပို့ချခြင်းနှင့် ဆက်စပ်သော အခြေခံအချက်အလက် များ

**မှတ်တမ်းတင်ခြင်း-** ဤသင်တန်းပို့ချခြင်းနှင့် ဆွေးနွေးမှုများကို မှတ်တမ်းတင်သွားမှာဖြစ်ပြီး၊ ကန့်ကွက်မှုများရှိပါက ကျွန်ုပ်တို့အား ကြိုတင်အသိပေး အကြောင်းကြားပါရန်။

**မိုက်ခရိုဖုန်းနှင့် ကင်မရာ** - အစည်းအဝေးသို့ သင်ဝင်ရောက်သည့်အခါ သင့်မိုက်ခရိုဖုန်းနှင့် ကင်မရာ ကို ပိတ်ထားမှာ ဖြစ်ပါသည်။ ပြီးနောက် ကျေးဇူးပြု၍ သင့်ကင်မရာကို ဖွင့်ပေးထားပါရန် နှင့် မေးခွန်းမေးမြန်းခြင်း (သို့မဟုတ်) ဆွေးနွေးခြင်းများ မပြုလုပ်သည့်အခါတွင် သင့်မိုက်ခရိုဖုန်းကို အသံပိတ်ထားပါရန်။

**မေးခွန်းများ** - တင်ပြဆွေးနွေးမှုအပေါ် မှတ်ချက်ပေးရန် သို့မဟုတ် မေးခွန်းတစ်ခုခု မေးမြန်းလိုပါက၊ သင့်စခရင်အောက်ခြေတွင် တွေ့ရှိရသည့် **chat box တွင်** အသုံးပြုပေးပါရန်၊ နှင့်စကားပြောဖြင့် ဆွေးနွေးလိုသည့်အခါတွင် **“'raise a hand”** ခလုတ်အား အသုံးပြုပေးပါရန်။

**ပံ့ပိုးကူညီမှု** - သင်တန်းပို့ချချိန်အတွင်း သင့်တွင် နည်းပညာဆိုင်ရာ ပြဿနာများရှိပါက၊ ကျေးဇူးပြု၍ [ **နည်းပညာပံ့ပိုးမှု – Mel Wheeler**] ထံသို့ တိုက်ရိုက်စာတိုပေးပို့ပါရန် သို့မဟုတ် **mel.wheeler@unep-wcmc.org** သို့ အီးမေးလ်ဖြင့် ပေးပို့အကြောင်းကြားပေးပါရန်။

# ပထမနေ့သင်တန်းတွင် ပါဝင်သော အကြောင်းအရာများနှင့် သင်ခန်းစာများ- ပဟေဠိအမေးအဖြေများ။

# ပထမနေ့သင်တန်း၏ အနှစ်ချုပ်- ပါဝင်သော အကြောင်းအရာများ။

**မေးခွန်း ၁**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်းသည် ဥပမာတစ်ခုအနေဖြင့်-

a) အကာအကွယ်များကို ဖြေရှင်းပေးခြင်း
b) REDD+ မူဝါဒများနှင့် ဆောင်ရွက်မှုများ
c) မြန်မာနိုင်ငံ၏ Safeguards ၏ ရှင်းလင်းချက်များထဲမှ တစ်ခု

**မေးခွန်း ၂**

REDD+ စီမံကိန်းစီစဉ်ဆောင်ရွက်ခြင်းအဆင့်သည် အောက်ပါတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။

a) အကျိုးကျေးဇူးများစွာကို ပေးဆောင်ပြီး ဖြစ်နိုင်သောဆိုးကျိုးသက်ရောက်မှုများကို လျှော့ချပေးခြင်း။
b) မည်သည့်ဆိုးကျိုးများကို လက်ခံနိုင်သည်ကို ရွေးချယ်ခြင်း။
c) ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်နှင့် ဆက်စပ်ပတ်သက်သူများ ပါဝင်မှုရှိစေရေး။
d) A နှင့် C နှစ်မျိုးလုံး

**မေးခွန်း ၃**

REDD+ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု အတွက် အောက်ပါများမှ ဘယ်အရာက အဓိက လုပ်ဆောင်မှုတစ်ခု မဟုတ်တာလဲ။

a) ပေါင်းစပ်မြေယာအသုံးချမှု စီမံကိန်းနှင့် စီမံခန့်ခွဲမှုကို မြှင့်တင်ပါ။
b) ကဏ္ဍစုံ ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားများတွင် ပါဝင်သည့် အဓိကကဏ္ဍများကို ဖော်ထုတ်ခြင်း။
c) သက်ရောက်မှုဧရိယာရှိ သဘာဝသစ်တောများ သို့မဟုတ် အခြားဂေဟစနစ်များကို မြေပုံဆွဲပါ။
d) အကောင်အထည်ဖော်မှုအစီအစဉ်များ၊ ညှိနှိုင်းရေးယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ပါ။

## ပထမနေ့သင်တန်း၏ အနှစ်ချုပ်- ပါဝင်သော အကြောင်းအရာများ။

**မေးခွန်း ၁**

ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောထူထောင်ခြင်းသည် ဥပမာတစ်ခုအနေဖြင့်-

a) အကာအကွယ်များကို ဖြေရှင်းပေးခြင်း

b) REDD+ မူဝါဒများနှင့် ဆောင်ရွက်မှုများ

c) မြန်မာနိုင်ငံ၏ Safeguards ၏ ရှင်းလင်းချက်များထဲမှ တစ်ခု

**မေးခွန်း ၂**

REDD+ စီမံကိန်းစီစဉ်ဆောင်ရွက်ခြင်းအဆင့်သည် အောက်ပါတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။

a) အကျိုးကျေးဇူးများစွာကို ပေးဆောင်ပြီး ဖြစ်နိုင်သောဆိုးကျိုးသက်ရောက်မှုများကို လျှော့ချပေးခြင်း။

b) မည်သည့်ဆိုးကျိုးများကို လက်ခံနိုင်သည်ကို ရွေးချယ်ခြင်း။

c) ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်နှင့် ဆက်စပ်ပတ်သက်သူများ ပါဝင်မှုရှိစေရေး။

d) A နှင့် C နှစ်မျိုးလုံး

**မေးခွန်း ၃**

REDD+ ပူးပေါင်းပါဝင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု အတွက် အောက်ပါများမှ ဘယ်အရာက အဓိက လုပ်ဆောင်မှုတစ်ခု မဟုတ်တာလဲ။

a) ပေါင်းစပ်မြေယာအသုံးချမှု စီမံကိန်းနှင့် စီမံခန့်ခွဲမှုကို မြှင့်တင်ပါ။

b) ကဏ္ဍစုံ ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားများတွင် ပါဝင်သည့် အဓိကကဏ္ဍများကို ဖော်ထုတ်ခြင်း။

c) သက်ရောက်မှုရှိရေးယာရှိ သဘာဝသစ်တောများ သို့မဟုတ် အခြားဂေဟစနစ်များကို မြေပုံဆွဲပါ။

d) အကောင်အထည်ဖော်မှုအစီအစဉ်များ၊ ညှိနှိုင်းရေးယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ပါ။

**အကာအကွယ်များ လမ်းညွှန်ချက်-**
ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC)၊ နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး ယန္တရား (GRM) နှင့် အကျိုးကျေးဇူးများ မျှဝေခြင်း။

(အခန်း ၂ နှင့် ၃)

## ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC)

နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်း များ ဖြင့် အကာအကွယ်ပေးထားသည့် အခြေခံမှုတစ်ခု ဖြစ်ပြီး ဒေသဆိုင်ရာအသိုင်းအဝိုင်းများနှင့် ဌာနေတိုင်းရင်းသားလူမျိုးများ ၎င်းတို့ သို့မဟုတ် ၎င်းတို့၏နယ်မြေများကို ထိခိုက်စေနိုင်သော ပရောဂျက်တစ်ခုအား တားမြစ်ရန် သို့မဟုတ် မည်သည့်အချိန် တွင် မဆို သဘောတူညီချက်ကို ရုပ်သိမ်းခွင့်ပြုထားပါသည်။ ထိုသို့ လုပ်ဆောင်ခွင့်များသည် အကျပ်ကိုင်ခြင်းမှ ကင်းစင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် အထူးသဖြင့် လုပ်ငန်းများစတင်ချိန်တွင် သေချာစွာကြိုတင်အကြောင်းကြားထားခြင်း ပြုထားရမည် ဖြစ်ပါသည်။

- မြန်မာနိုင်ငံတွင် FPIC နှင့်ပတ်သက်သည့် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ အပြင် REDD+ လမ်းညွှန်ချက်အတွက် FPIC လည်း ရှိပါသည်။
- FPIC သည် မြန်မာနိုင်ငံရှိ REDD+ အတွက် အဓိက အကာအကွယ်ပေးသည့် နည်းလမ်းတစ်ခု ဖြစ်ပြီး ဒေသခံလူထုအပေါ် သက်ရောက်မှုရှိစေမည့် REDD+ လုပ်ဆောင်ချက်အားလုံးအတွက် လုပ်ဆောင်ရန် မျှော်လင့်ပါသည်။
- FPIC သည် ဒေသခံ သစ်တော မှီခိုနေထိုင်သည့် အသိုက်အဝန်းများ၊ တိုင်းရင်းသား အုပ်စုများ၊ လူငယ်၊ အမျိုးသမီးများနှင့် အခြား ထိခိုက်လွယ်သော အုပ်စုများ အပါအဝင် သက်ဆိုင်ရာ ရပိုင်ခွင့်ရှိသူများနှင့် သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံသင့်သည့်အပြင် ကျားမရေးရာ တုံ့ပြန်မှု မြှင့်တင်ခြင်းလည်း ထည့်သွင်းစဉ်းစားရပါမည်။

## FPIC ၏ အခြေခံမှုများ

- **လွတ်လပ်သော**– "အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် ခြယ်လှယ်ခြင်းမရှိဘဲ ဆန္ဒအလျောက် သဘောတူညီချက်ကို ပေးသည်။
- ခွင့်ပြုချက် သို့မဟုတ် လုပ်ရှားမှုများ စတင်ခြင်း **မပြုမီ ကြိုတင်ခွင့်ပြုချက် ကောင်းမွန်စွာ တောင်းခံ သည်**"
- **အသိပေးခြင်း** - သက်ဆိုင်သူများအား သဘောတူညီချက်မရယူမီ ရှင်းရှင်းလင်းလင်းနှင့် လက်လှမ်းမီ နိုင်သော ပုံစံဖြင့် သက်ဆိုင်ရာနှင့် လိုအပ်သော အချက်အလက်အပြည့်အစုံကို ပေးဆောင် ထားပါ သည်။
- **သဘောထားတောင်းခံခြင်း-** အစုလိုက်အပြုံလိုက် ဆုံးဖြတ်ချက်ကို ပိုင်ခွင့်ရှိသူများမှ ချမှတ်ပြီး ထိခိုက် ခံစားရသူများ သို့မဟုတ် လူ့အဖွဲ့အစည်းများ၏ ဦးစားပေး ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ မှတဆင့် ရောက်ရှိသည်။ အသိုက်အဝန်းတစ်ခုစီ၏ ထူးခြားသောတရားဝင် သို့မဟုတ် အလွတ်သဘော နိုင်ငံရေး-အုပ်ချုပ်ရေး တက်ကြွမှုအရ သဘောတူညီချက်ကို ရှာဖွေပြီး ခွင့်ပြုရမည် သို့မဟုတ် ဆိုင်းငံ့ထားရမည်။



## **ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC) -** လမ်းညွှန်မှုနှင့် အကောင်းဆုံး အလေ့အကျင့်များ

Myanmar REDD+ FPIC လမ်းညွှန်ချက်မူကြမ်းတွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်-

1. FPIC လုပ်ငန်းစဉ်မစမီ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော ဦးဆောင်အေဂျင်စီများနှင့် အခွင့်အရေး ကိုင်ဆောင်သူများ ၏ **စွမ်းဆောင်ရည်နှင့် သတင်းအချက်အလက် လိုအပ်ချက်များ**ကို ဆုံးဖြတ်ပါ။
2. လုပ်ငန်းစဉ်တွင် **သင်တန်းနည်းပြတစ်ဦး/များ** လိုအပ်မည်၊ သို့မဟုတ်ပါက မည်သူဖြစ်သင့်သည်ကို ဆုံးဖြတ်ပါ။
3. ရပ်ရွာများနှင့် ညှိနှိုင်းဆွေးနွေးမည့်**နေရာ**ကို **မည်ကဲ့သို့လုပ်ဆောင်မည**်ကို ဆုံးဖြတ်ရန်နှင့် FPIC ကိုရှာဖွေရန် အဆိုပြုထားသော ညှိနှိုင်းရေးလုပ်ငန်းစဉ်အတွက် **အချိန်ဇယား**။
4. အချက်အလက်မျှဝေခြင်းနှင့် ဖြန့်ဖြူးခြင်းအတွက် **သင့်လျော်သောဘာသာစကား/မီဒီယာ**ကို အသုံးပြုပါ။
5. ရပ်ရွာမှ ၎င်းတို့၏ ထုံးတမ်းစဉ်လာများနှင့် ဓလေ့ထုံးတမ်းများနှင့်အညီ ဆုံးဖြတ်ချက်များ **မည်သို့ချမှတ်မည်ကို ဆုံးဖြတ်ရန်**နှင့် ရပ်ရွာအတွင်း **အမျိုးသမီးများနှင့် အခြားသော ထိခိုက်လွယ်သောအုပ်စုများ** ပါဝင်မှုရှိမရှိ သေချာစေရန် အထူးအစီအမံများကို ချမှတ်ရမည်။
6. ဆုံးဖြတ်ချက်တွင် အကျုံးဝင်မည့် ပထဝီဝင်နယ်မြေနှင့် အသိုင်းအဝိုင်းများကို သတ်မှတ်ပါ။
7. FPIC ကို **မည်သည့်ပုံစံဖြင့် ပေးအပ်မည်၊ အသိအမှတ်ပြုပြီး မှတ်တမ်းတင်မည်**ကို ဆုံးဖြတ်ပါ။
8. ဒေသဆိုင်ရာ အစိုးရအရာရှိများ၊ EAO အရာရှိများ၊ အမှီအခိုကင်းသော လေ့လာသူများနှင့် အခြားအခွင့်အရေး ကိုင်ဆောင်သူများ အပါအဝင် လုပ်ငန်းစဉ်များတွင် အခြားသူများ၏ **အခန်းကဏ္ဍများကို ရှင်းလင်းတင်ပြခြင်း**၊
9. သက်ဆိုင်ရာပါဝင်မှုကြီးကြပ်ရေးအစီအစဉ်များ အပါအဝင် လုပ်ငန်းစဉ်အား **စိစစ်သည့်နည်းလမ်းများ**ကို ဖော်ထုတ်ပါ။
10. အခြေအနေများကို ထိန်းသိမ်းထားကြောင်း သေချာစေရန် **FPIC သဘောတူညီချက်(များ)** ၏ စည်းမျဉ်းစည်းကမ်းများ နှင့် အကြိမ်ရေကို သတ်မှတ်ပါ
11. **တိုင်ကြားချက်များကို ထုတ်ဖော်ပြောရန်နှင့် FPIC လုပ်ငန်းစဉ်**နှင့် အဆိုပြုထားသော မူဝါဒ သို့မဟုတ် လုပ်ဆောင်ချက်အတွက် ပြန်လည်သက်သာခွင့်ရှာဖွေခြင်းအတွက် လုပ်ငန်းစဉ်တစ်ခု ရှိစေရေး သေချာစေပါ။

## ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC)

" *မြန်မာနိုင်ငံတွင် REDD+ အတွက် အကာအကွယ်များ အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်* "
မြန်မာနိုင်ငံရှိ REDD+ လုပ်ဆောင်ချက်များ စီစဉ်ခြင်းအတွက် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည့် ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်းဆိုင်ရာ အချက်အလက်များ ကို ပံ့ပိုးပေးပါသည်။

ဤစစ်ဆေးမှုစာရင်းကို နှစ်ပိုင်းခွဲထားသည်။

- ၂.၁.၁။ FPIC လုပ်ငန်းစဉ်ရေးဆွဲခြင်း - FPIC လုပ်ငန်းစဉ်အစတွင် အပြီးသတ်ရန်
- ၂.၁.၂။ FPIC လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း - FPIC လုပ်ငန်းစဉ်အဆုံးတွင် အပြီးသတ်ရန်၊

# ကောင်းစွာကြိုတင် အသိပေး၍ လွတ်လပ်သော သဘောထား တောင်းခံခြင်း (FPIC) - အကဲဖြတ်မှုစာရင်း ၂.၁။

ရည်ရွယ်ချက်- REDD+ လုပ်ဆောင်ချက်များအတွက် သင့်လျော်သော FPIC လုပ်ငန်းစဉ် ကို မြန်မာနိုင်ငံ၏ အမျိုးသားကာကွယ်မှု ချဉ်းကပ်မှုနှင့်အညီ သေချာစေရန်

၂.၁.၁။ FPIC လုပ်ငန်းစဉ်ရေးဆွဲခြင်း - FPIC လုပ်ငန်းစဉ်အစတွင် အပြီးသတ်ရန်

➢ ၂.၁.၂။ FPIC လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း - FPIC လုပ်ငန်းစဉ်အဆုံးတွင် အပြီးသတ်ရန်

အကျုံးဝင်သော အကြောင်းအရာများ

- FPIC ဆိုင်ရာ စွမ်းရည်နှင့် သတင်းအချက်အလက် လိုအပ်ချက်များ
- FPIC ဆွေးနွေးပွဲများ၊ စည်းရုံးရေးမှူးများ၊ ညှိနှိုင်းရေးမှူးများနှင့် ပါဝင်သူများ
- ပေးကမ်းခြင်း၊ အသိအမှတ်ပြုခြင်းနှင့် FPIC မှတ်တမ်းတင်ခြင်း။
- FPIC လုပ်ငန်းစဉ်၏ ဆက်သွယ်ရေး
- နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး ယန္တရား (GRM) & FPIC
- FPIC သုံးသပ်ချက်

## နစ်နာမှုများကို ပြန်လည်ဖြေရှင်းရေး ယန္တရား (GRM)

ပြင်ပသက်ဆိုင်သူများအပေါ် မူဝါဒများ၊ ပရိုဂရမ်များ၊ ပရောဂျက် များ နှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကို လက်ခံ ရယူရန်နှင့် ကိုင်တွယ် ဖြေရှင်းရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းစနစ် သို့မဟုတ် အရင်းအမြစ်ကို ရည်ညွှန်းပါသည်။ ထိုသို့သောစနစ်နှင့် လုပ်ထုံး လုပ်နည်းများ မှတဆင့် ကိုင်တွယ်ဆောင်ရွက်သော ဆက်စပ်ပတ်သက်သူများ၏ စိတ်ပူပန်မှုများကို "မကျေနပ်ချက်များ၊" "တိုင်ကြားမှုများ"၊ "တုံ့ပြန်ချက်" သို့မဟုတ် "အခြားလုပ်ဆောင်မှုအရ ညီမျှသောအသုံးအနှုန်း" ဟု ခေါ် နိုင်သည်။

မြန်မာနိုင်ငံရှိ လက်ရှိ မူဝါဒ/စည်းမျဉ်း စည်းကမ်း ၂၂ ခု ခန့် သည် ဆက်သွယ်ရေးနှင့် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားမှုများကို ဖြေရှင်းရန် အားပေးသည့် ယန္တရားများ ကိုတောင်းဆိုထားသည် ။

**REDD+ နှင့် ဒီရေတောများရှိ ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောများတွင် မည်သို့သော မကျေနပ်ချက်မျိုး ရှိနိုင်သနည်း။**

Myanmar REDD+ GRM သည် အပြီးမသတ်သေးသော်လည်း REDD+ လုပ်ဆောင်မှု/ ပရောဂျက် အတွက် မရှိမဖြစ်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် GRM အတွက် အဓိကအခြေခံမှုအချို့ပါဝင်သည်။

- မကျေနပ်ချက်များကို ဖြစ်နိုင်ချေ အနိမ့်ဆုံးအဆင့်တွင် ကိုင်တွယ်ဖြေရှင်းခြင်း၊ ဆိုလိုသည်မှာ ကျေနပ်လောက်သော အဖြေကို ရှာမတွေ့ပါက အထက်အရာရှိအဆင့်သို့ တိုးမြှင့်ခြင်းသာ ဖြစ်ပါသည်။
- မတူညီသောရာထူး/အာဏာအခြေအနေများတွင် ပါတီများပါဝင်သည့် မကျေနပ်ချက်များကို ခမ်မခွဲခြားဘဲ ကျကျ တရားမျှတစွာ ကိုင်တွယ်ဖြေရှင်းခြင်း၊
- လုပ်ဆောင်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောလျင်စွာနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်း၊
- လူမှုအသိုက်အဝန်းများနားလည်သည့် ဘာသာစကားများဖြင့် ဆက်သွယ်ရေး ပစ္စည်းများ/ အချက်အလက်များ ပံ့ပိုးပေးခြင်း။ နှင့်
- ရပ်ရွာများမှ ထည့်သွင်းမှုများနှင့်အတူ နောက်ထပ်ရည်မှန်းချက်များ/ အဓိက စွမ်းဆောင်ရည် အညွှန်းကိန်းများကို ဖော်ဆောင်ခြင်း။

# မကျေနပ်ချက်ပြန်လည်ဖြေရှင်းရေးယန္တရား (GRM) - အကဲဖြတ်မှုစာရင်း ၂.၁။

ရည်ရွယ်ချက်- REDD+ စီမံကိန်းနှင့် အကောင်အထည်ဖော်မှုတစ်လျှောက်တွင် ဆက်စပ် ပတ်သက်သူများ၏ တုံ့ပြန်ချက်များနှင့် မကျေနပ်ချက်များ/ နစ်နာမှုများကို စီမံခန့်ခွဲရန်အတွက် သင့်လျော်သော နစ်နာမှုများကိုပြန်လည်ဖြေရှင်းရေး ယန္တရား (GRM) တစ်ခုကို တည်ထောင်ပြီး ထိရောက်စွာလည်ပတ်နိုင်စေရန် သေချာစေရန်။

အကျုံးဝင်သော အကြောင်းအရာများ

- GRM တည်ထောင်ခြင်း။
- စွမ်းဆောင်ရည်သတ်မှတ်ချက်များနှင့် အညွှန်းများ
- GRM နှင့် ပတ်သက်
- မကျေနပ်ချက်များကို စီမံခန့်ခွဲရန် အခန်းကဏ္ဍနှင့် တာဝန်များ
- မကျေနပ်ချက်များကို စီမံခန့်ခွဲခြင်း။
- GRM ကို မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်ခြင်း။

REDD+ အကောင်အထည် ဖော်မှု အစ နှင့် စောင့်ကြည့်ခြင်း ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဤအကဲဖြတ်မှုစာရင်းကို အပြီးသတ်သင့်ပါသည်။

## အကျိုးအမြတ်ခွဲဝေမှု

REDD+ ၏အခြေအနေတွင်၊ ရလဒ်အခြေခံပေးချေမှုများအပါအဝင် REDD+ မှတဆင့် ရရှိ သော အကျိုးကျေးဇူးများမှ ထုတ်ယူသောငွေကြေးနှင့် ငွေကြေးမဟုတ်သောမက်လုံးများနှင့် ဆုများဖြန့်ဝေခြင်း ကို ရည်ညွှန်းသည်။

ဤနေရာတွင် သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများစွာရှိပြီး အဆိုပြုထားသည့် NRS သည် REDD+ အတွက် အကျိုးခံစားခွင့်များ မျှဝေခြင်းအတွက် အခြေခံမှုများကို ချမှတ်ပေးပါသည်။

- **တရားမျှတ၍ သာတူညီမျှ အကျိုးခံစားခွင့်များ ခွဲဝေရေး၊**
- **ပွင့်လင်းမြင်သာမှု၊**
- **ကျယ်ပြန့်သောအစုအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊**
- **ဆက်စပ်ပတ်သက်သူများအားလုံးကို အကျိုးခံစားခွင့်များ လွှဲပြောင်းပေးခြင်း ။**

**အကျိုးအမြတ်ခွဲဝေမှုသည် မရှိမဖြစ်လိုအပ်သည်-**

- သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှု ကို ဖြစ်ပေါ်စေသော အလေ့အကျင့်များ/ အကြောင်းအရင်းများကို ပြောင်းလဲရန် လိုအပ်သော ဆွဲဆောင်အားပေးမှုများ ဖန်တီးခြင်း။
- အစီအစဉ်များ၏ အောင်မြင်မှုနှင့် တရားဝင်မှုကို ပံ့ပိုးပေးသည့် တရားမျှတသောစနစ်။

REDD+ အကောင်အထည်ဖော်သူများသည် မြန်မာနိုင်ငံ၏ အကာအကွယ်များ ချဉ်းကပ်မှု နှင့် **အ ညီ မျှတသော၊ သာတူညီမျှရှိပြီး ပွင့်လင်းမြင်သာမှုရှိသော အကျိုးကျေးဇူးများကို ခွဲဝေပေးနိုင်ရန် သေချာစေရမည်-**

- ➢ IPLC များသည် REDD+ ကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီပါက သို့မဟုတ် REDD+ သည် ၎င်းတို့၏ နယ်မြေများအပေါ် သက်ရောက်မှုရှိလျှင် ပွင့်လင်းမြင်သာသော ယန္တရား တစ်ခုဖြင့် အကျိုးကျေးဇူးများကို မျှတစွာခွဲဝေပေးရန်။
- ➢ မြေယာနှင့် သယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်များအတွက် မှတ်တမ်းအထောက်အထား မပြနိုင်သော်လည်း ၎င်းဒေသရှိ ဒေသခံများ၏ အခန်းကဏ္ဍကို သေချာစဉ်းစားရန်။
- ➢ အကျိုးအမြတ်ခွဲဝေမှုအစီအစဉ်များကို FPIC လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆွေးနွေးသင့်သည်။

သင့်တော်သောအကျိုးကျေးဇူး မျှဝေခြင်း ဆောင်ရွက်နိုင်ရန် စဉ်းစားရမည့် **အဓိက လုပ်ဆောင်ချက်များ** _

- ငွေကြေးနှင့် ငွေကြေးမဟုတ်သော အကျိုးခံစားခွင့်များ နှင့်/သို့မဟုတ် ဆွဲဆောင်အားပေးမှုများ ကို ခွဲခြားသတ်မှတ်ခြင်း။

- အကျိုးခံစားခွင့်ရရှိမည့်သူများအား သတ်မှတ်ခြင်းနှင့် အကျိုးခံစားခွင့်များကို မည်ကဲ့သို့ခွဲခြားမည်ကို သဘောတူညီမှု ရယူခြင်း။

- အကျိုးခံစားခွင့်များ ဖြန့်ဝေခြင်းနှင့် ပွင့်လင်းမြင်သာသော စာရင်းအင်းစနစ် အကောင်အထည်ဖော်ဆောင်ထားခြင်း။

- အကျိုးအမြတ်ခွဲဝေမှုကို စောင့်ကြည့်ခြင်း။

- အကျိုးခံစားခွင့်များ/ ဆွဲဆောင်အားပေးမှုများ မည်သို့အလုပ်လုပ်သည်ကို ခွဲခြားသတ်မှတ်ပါ။



# အကျိုးကျေးဇူး များမျှဝေခြင်း- အကဲဖြတ်မှု စာရင်း ၃.၂။

ရည်ရွယ်ချက်- သက်ဆိုင်ရာ အကာအကွယ်စံနှုန်းများနှင့်အညီ REDD+ လုပ်ဆောင်ချက် အတွက် သာတူညီမျှမှုနှင့် ပွင့်လင်းမြင်သာသော အကျိုးခံစားခွင့်ခွဲဝေမှု အစီအစဉ်များကို တီထွင် သို့မဟုတ် အသုံးချကြောင်း သေချာစေရန်။

အကျုံးဝင်သော အကြောင်းအရာများ

- အကျိုးခံစားခွင့် အမျိုးအစားများနှင့်/သို့မဟုတ် ဆွဲဆောင်အားပေးမှုများကို ဖော်ထုတ်ပြီး ဒေသခံ ကာယကံရှင်များ၏ သုခချမ်းသာကို ပံ့ပိုးပေးခြင်း။
- ဖြန့်ဝေခြင်းနှင့် အကျိုးကျေးဇူးများကို စောင့်ကြည့်ခြင်း။
- အကျိုးအမြတ်ခွဲဝေမှု ယန္တရား သို့မဟုတ် လုပ်ငန်းစဉ်။
- အကျိုးကျေးဇူးများနှင့် အကျိုးခံစားခွင့်များအတွက် ရလဒ်များ။
- အကျိုးအမြတ်ခွဲဝေမှု နှင့်ပတ်သက်သည့် မကျေနပ်ချက်များ (GRM)။

REDD+ အကောင်အထည်ဖော်မှု အစ တွင် ဤစစ်ဆေးမှုစာရင်းကို အပြီးသတ်သင့်သည် ။

# FPIC၊ GRM နှင့် အကျိုးကျေးဇူးမျှဝေခြင်းဆိုင်ရာ အပေါ် သင်တန်းသားများ အနေဖြင့် မှတ်ချက်များနှင့် မေးခွန်းများ မေးမြန်းနိုင်ပါသည်။





အကာအကွယ်များအကောင်အထည်ဖော်ရေး
လမ်းညွှန်ချက် အပိုင်း ၂- သဘာဝသစ်တော၊
ဇီဝမျိုးစုံမျိုးကွဲများနှင့်
ဂေဟာစနစ်ဝန်ဆောင်မှုများ နှင့် ထိန်းသိမ်းရေး၊
အခန်း (၅)၊

**အကာအကွယ်များအကောင်အထည်ဖော်ရေး လမ်းညွှန်ချက်ပါ နည်းလမ်းများ-** သဘာဝသစ်တော၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ နှင့် ထိန်းသိမ်းရေး၊

---

**သဘာဝတော**

နိုင်ငံအလိုက် ပုံစံအမျိုးမျိုးဖြင့် သတ်မှတ်နိုင်သည်။ FAO က ၎င်းကို မူလမျိုးရင်း သစ်မျိုးများဖြင့် ဖွဲ့စည်းထားကာ သစ်တောစိုက်ခင်း* အဖြစ် သတ်မှတ်ခြင်းမရှိသော သစ်တောအဖြစ် သတ်မှတ်သည်။

**ဇီဝမျိုးစုံမျိုးကွဲများ**

အမျိုးမျိုးသော spatial scales (မျိုးရိုးဗီဇမှ biomes တစ်ခုလုံးအထိ) တွင်ရှိသော သက်ရှိများနှင့် ဂေဟစနစ်အားလုံး၏ စုစုပေါင်းကွဲပြားမှုဖြစ်သည်။

**ဂေဟစနစ်ဝန်ဆောင်မှုများ**

ပတ်ဝန်းကျင်မှလူများရရှိသောအကျိုးကျေးဇူးများ ဂေဟစနစ်ဝန်ဆောင် မှု များ သည် မြေဆီလွှာ၊ အပင်များနှင့် တိရစ္ဆာန်များ၊ လေနှင့် ရေအပါအဝင် သဘာဝပစ္စည်းများကို ကျွန်ုပ်တို့ တန်ဖိုးထားသောအရာများအဖြစ်သို့ ပြောင်းလဲခြင်းဖြစ်ပါသည်။ ၎င်းတို့ကို အစားအစာနှင့် ရေကဲ့သို့ ထောက်ပံ့ပေးခြင်းအဖြစ် ရှုမြင်နိုင်သည်။ ဥပမာအားဖြင့် ရေကြီးခြင်းနှင့် ရောဂါထိန်းချုပ်ရေး ထိန်းညှိခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ အပန်းဖြေမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကဲ့သို့သော ယဉ်ကျေးမှု၊ သို့မဟုတ် အာဟာရစက်ဝန်းကဲ့သို့ မြေကြီးပေါ်ရှိ သက်ရှိများအတွက် အခြေအနေများကို ထိန်းသိမ်းပေးသည့် ပံ့ပိုးပေး ခြင်း။

## သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့သည် အောက်ပါတို့၏ မရှိမဖြစ် အစိတ်အပိုင်းများဖြစ်ကြသည်-

- လက်ရှိဖြစ်ပေါ်နေသော ရာသီဥတုနှင့် ဇီဝမျိုးစုံမျိုးကွဲ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းခြင်း။
- ကာဗွန်နှင့် ကာဗွန်မဟုတ်သော အကျိုးကျေးဇူးများစွာကို သေချာစေခြင်း။
- ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းနှင့် ကောင်းကျိုးချမ်းသာများကို ပံ့ပိုးကူညီခြင်း။
- ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် အခြားလှုပ်ခတ်မှုများကို ခံနိုင်ရည်ရှိစေရန် ပံ့ပိုးကူညီခြင်း။



**အကာအကွယ်များအကောင်အထည်ဖော်ရေး လမ်းညွှန်ချက်ပါ နည်းလမ်းများ-** သဘာဝသစ်တော၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ နှင့် ထိန်းသိမ်းရေး၊

**REDD +** တွင် သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် အဓိကကျသော လုပ်ဆောင်ချက်များ-

- REDD+ ဧရိယာရှိ သဘာဝသစ်တောများနှင့် အခြားဂေဟစနစ်များကို ဖော်ထုတ်ပြီး မြေပုံဆွဲပါ။
- သဘာဝသစ်တောများ၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲ အခြေအနေများကို အခြေခံအဆင့်အဖြစ် အကဲဖြတ်ပါ။
- REDD+ မှ သဘာဝသစ်တောများ၊ အခြားသော ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ပံ့ပိုးပေးမှုအထိ အန္တရာယ်များနှင့် အကျိုးကျေးဇူးများကို ခွဲခြားသတ်မှတ်ပါ။
- သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ကို မြှင့်တင်ထိန်းသိမ်းရန် အစီအမံများ ပေါင်းစပ်ဆောင်ရွက်ခြင်း။
- သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအတွက် အဓိကဦးစားပေးများကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင်များတွင် ထည့်သွင်းထားကြောင်း သေချာစေပါ။

**အကဲဖြတ်မှုစာရင်း ၅.၁။** တွင် သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ထိန်းသိမ်းရေးတို့ ပါဝင်ပါသည်။

သို့သော်၊ အခြားသော အကဲဖြတ်မှုစာရင်းများသည်ချိတ်ဆက်မှုများရှိပါသည်-

- အကဲဖြတ်မှုစာရင်း ၁.၂။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စိစစ်ခြင်းနှင့် သက်ရောက်မှု အကဲဖြတ်ခြင်း။
- အကဲဖြတ်မှုစာရင်း ၁.၃။ ကာဗွန်နှင့် ကာဗွန်မဟုတ်သော အကျိုးခံစားခွင့်များ
- အကဲဖြတ်မှုစာရင်း ၆.၁။ ပြောင်းပြန်ဖြစ်မှုများ (Reversals) နှင့် နေရာရွှေ့ပြောင်းမှု (displacement)
- အကဲဖြတ်မှုစာရင်း ၇.၁။ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်း။

# သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ- အကဲဖြတ်မှုစာရင်း ၅.၁။

ရည်ရွယ်ချက်- REDD+ စီမံကိန်းရေးဆွဲသူများနှင့် အကောင်အထည်ဖော်သူများ သည် သဘာဝ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ ထိန်းသိမ်းခြင်းဆိုင်ရာ အခ်ိ စံနှုန်းများ နှင့် အဆင့်များကို လိုက်နာကြောင်း သေချာစေရန်။

အကျိုးဝင်သော အကြောင်းအရာများ

- သဘာဝသစ်တောများ/ ဂေဟစနစ်များအတွက် သက်ရောက်မှုများနှင့် အန္တရာယ်များ
- ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် (အပြုသဘောနှင့် အနုတ်လက္ခဏာ) သက်ရောက်မှုများ
- ဤသက်ရောက်မှုများနှင့် သက်ဆိုင်သည့် M&E အညွှန်းများ
- ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုနှင့်/သို့မဟုတ် သဘာဝသစ်တောများ ပြန်လည်ထူထောင်ရေးအတွက် ပံ့ပိုးကူညီခြင်း။

<u>အကောင်အထည်ဖော်မှု အစတွင်</u> ဤစစ်ဆေးမှုစာရင်းကို အပြီးသတ်သင့်ပါသည်။

# သဘာဝသစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ အပေါ် သင်တန်းသားများ အနေဖြင့် မှတ်ချက်များနှင့် မေးခွန်းများ မေးမြန်းနိုင်ပါ သည်။





# အကာအကွယ်များအကောင်အထည်ဖော်ရေး လမ်းညွှန်ချက် အပိုင်း ၃: စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း

အခန်း (၇)၊

**စောင့်ကြည့်ရေး**

အခြေခံလိုင်းတစ်ခုနှင့် ဆက်စပ်သော ပြောင်းလဲမှုလက္ခဏာရပ်များကို သိရှိနိုင်စေရန် အချက်အလက်နှင့် အချက်အလက်များကို စနစ်တကျ စုဆောင်းခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ် ဖြစ်သည်

**အကဲဖြတ်ခြင်း။**

စွက်ဖက်မှုတစ်ခု၏ကွာခြားချက်နှင့် မည်သည့်သင်ခန်းစာများ သင်ယူနိုင်သည်ကို နားလည်နိုင်စေရန်အတွက် စုဆောင်းထားသော စောင့်ကြည့်အချက်အလက်ကို စစ်ဆေးခြင်း လုပ်ငန်းစဉ် ဖြစ်သည်။

**အစီရင်ခံခြင်း။**

ဤလမ်းညွှန်ချက်၏ ဆက်စပ်အကြောင်းအရာကို အစီရင်ခံခြင်းသည် အချက်အလက်စုစည်းမှုကို ရည်ညွှန်းသည်၊ ဥပမာ၊ REDD+ ၏ M&E လုပ်ဆောင်ချက်များနှင့် အကာအကွယ်များကို အခြေခံ၍ အစိုးရနှင့် အခြားနိုင်ငံအဆင့်လေ့လာသူများ၊ အလှူရှင်များနှင့်/သို့မဟုတ် နိုင်ငံတကာအသိုင်းအဝိုင်းထံ အစီရင်ခံ တင်ပြရန်။ ။

## စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းတို့သည် အောက်ပါတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။

- လုပ်ဆောင်မှုများ/ သက်ရောက်မှုများ၏အောင်မြင်မှု။
- REDD+ ကို ထိရောက်ပြီး ရေရှည်တည်တံ့အောင် အကောင်အထည်ဖော်ခြင်း။
- လိုချင်သော သက်ရောက်မှုများနှင့် အကျိုးကျေးဇူးများ ရရှိခြင်းရှိမရှိ အကဲဖြတ်ခြင်း။
- ဖြစ်နိုင်ချေရှိသော အန္တရာယ်များကို ရှောင်ရှားခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းရှိမရှိ ခွဲခြားသတ်မှတ်ပါ။
- ခြေရာခံခြင်းသည် စွမ်းဆောင်ရည်ကို ကာကွယ်ပေးသည်။
- အခြေအနေ အချိန်အခါပေါ် မူတည်၍ အလိုက်သင့်စီမံခြင်း။



REDD+ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းအတွက် **အဓိက လုပ်ဆောင်ချက်များ -**

- ပြောင်းလဲမှု သီအိုရီတစ်ခုကို ထူထောင်ပါ (လုပ်ဆောင်ချက်တွေများမှ လိုလားသော အကျိုးသက်ရောက်မှုကို ဘယ်လို ဖြစ်ပေါ်စေသလဲ)။
- ဆက်စပ်ပတ်သက်သူများနှင့်အတူ အညွှန်းကိန်းများကို ဖော်ထုတ်အတည်ပြုပါ။
- အခြေခံအချက်များအပါအဝင် ခိုင်မာသော စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင် (ToC + အညွှန်းများ + နည်းလမ်းများ ပါဝင်သည်)၊ တည်ဆောက်ပါ။
- လုပ်ဆောင်ချက်အစီအစဉ်များ ရေးဆွဲခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းများ ဆောင်ရွက် နိုင် ရန် လေ့ကျင့်ရေးနှင့် စွမ်းရည်များမြှင့်တင်ခြင်းအစီအစဉ်များ ဖော်ဆောင်ခြင်း
- စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းတွင် ပါဝင်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်း။
- ရလဒ်များကိုမျှဝေခြင်းနှင့်အစီရင်ခံခြင်း။

အကာအကွယ်များအကောင်အထည်ဖော်ရေးလမ်းညွှန်ချက်သည် M&E လုပ်ငန်းစဉ်များ (၇.၁) တွင် အကဲဖြတ်မှုစာရင်းအပြင် အညွှန်းကိန်းများ ရေးဆွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် ဥပမာပေးထားသော ကာကွယ်စောင့်ရှောက်မှု အညွှန်းကိန်းများဇယားတစ်ခု ပါဝင်ပါသည် (မြန်မာနိုင်ငံ၏ SIS ကိုအခြေခံ၍)။

REDD+ အတွက် M&E ရှိ အညွှန်းကိန်းများသည် REDD+ အကောင်အထည်ဖော်မှုနှင့် ရလဒ်များနှင့် အကာအကွယ်များကို အကျုံးဝင်စေသင့်သည်။

ကောင်းသောညွှန်ကိန်းများ၏အင်္ဂါရပ်များပါဝင်သည်-

- တိကျပြီး ကောင်းမွန်စွာသတ်မှတ်ထားသည်- လူတိုင်းတွင် တိုင်းတာသင့်သည်များကို တူညီသော နားလည်မှုရှိသည်။
- မှန်ကန်မှု- အကဲဖြတ်ရမည့် ညွှန်ပြချက်နှင့် ခေါင်းစဉ်ကြားတွင် သက်သေပြထားသော ချိတ်ဆက်မှု တစ်ခု ရှိပါသည်။
- တိုင်းတာနိုင်သော လက်တွေ့ဆန်သည်- အချက်အလက်များကို စုဆောင်းရန်အတွက် နည်းလမ်း တစ်ခု ရှိပြီး ၎င်းကို ပြုလုပ်ရန် ဖြစ်နိုင်သည်/တတ်နိုင်သည်
- အဓိပ္ပါယ်ဖွင့်ဆိုရန် လွယ်ကူသည်- ဥပမာအားဖြင့် အဓိပါယ်နှင့် ရှင်းပြရလွယ်ကူသည်၊ ညွှန်ပြချက်တန်ဖိုး တိုးသည် သို့မဟုတ် လျော့ခြင်း သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရှင်းလင်းသင့်သည်။

# စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း - အညွှန်းကိန်းများနှင့် အကဲဖြတ်မှုစာရင်း

CF သက်ဆိုင်ရာ အညွှန်းကိန်းများ ဥပမာများ-

| အညွှန်းကိန်း | အညွှန်းကိန်း ပုံစံ | အညွှန်းအမျိုးအစား | အချက်အလက်အရင်းအမြစ် | နည်းလမ်း |
|---|---|---|---|---|
| ရပ်ရွာသစ်တောလုပ်ငန်း (CFE) သင်တန်းတွင် ပါဝင်သူ အရေအတွက် | လုပ်ငန်းစဉ် | စွမ်းဆောင်ရည် တည်ဆောက်ခြင်း။ | သင်တန်း မှတ်တမ်းများ | စုစုပေါင်းပါဝင်သူအရေအတွက် နှင့် နံပါတ်အားဖြင့်-<br>a) CFUG<br>b) ကျား၊ |
| ပရောဂျက်ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသော CFE အရေအတွက် | ရလဒ် | လူမှုစီးပွား | မှတ်ပုံတင်ထားသော CFEs; နှင့် CFUGs မှအစီရင်ခံစာများ | ပြည်နယ်/တိုင်းဒေသကြီးတွင် တည်ထောင်ထားသော CFE အရေအတွက် စုစုပေါင်း၊ နှင့် သင်တန်းတွင်ပါဝင်ခဲ့သည့် CFUGs မှဖွဲ့စည်းထားသော CFE အရေအတွက် |
| CFUG အဖွဲ့ဝင်များကြား တွင် အားနည်းသော အုပ်စုများသို့ ဖြန့်ဝေပေးသည့် ရပ်ရွာသစ်တော အကျိုးခံစားခွင့်အချိုး | ရလဒ် | မျှဝေခြင်းအကျိုး | CFUGs မှ အစီရင်ခံခြင်း။ | တစ်နှစ်လျှင် CFUGs ၏ စုစုပေါင်းရငွေပမာဏ၊ တစ်နှစ်လျှင် အဖွဲ့ဝင်များအား ခွဲဝေပေးသည့်အချိုး၊ အချိုးအစားသည် က) အမျိုးသမီးဦးစီးသော အိမ်ထောင်စုများနှင့် ခ) လူမျိုးစုအိမ်ထောင်စုများသို့ ခွဲဝေပေးသည်။ |

## ယေဘူယျ အကာအကွယ်များ/SIS အညွှန်းကိန်းများ ဥပမာ-

| ပြလိုက်သည် | အညွှန်းကိန်း အမျိုးအစား | ဒေတာ/ စိစစ်နိုင်သည့် နည်းလမ်းများ။ | နည်းလမ်း |
|---|---|---|---|
| **က-၂.၁: REDD+ လုပ်ဆောင်ချက်မှ အထောက်အပံ့ပေးနေသော SDG ပန်းတိုင်များ နှင့် ရည်မှန်းချက်များစာရင်း။** | လုပ်ငန်းစဉ် | REDD+ အကောင်အထည်ဖော်ဆောင်ရွက်နေသူများမှ SDG ရည်မှန်းချက်များအဆင့်အလိုက် REDD+ နှင့် ဆက်စပ်နေသော အဆိုပြုထားသည့် စာရင်း -https://sdgs.un.org/goals | ရှိခြင်း/ မရှိခြင်း ဖော်ပြချက် (ရှိပါက သက်ဆိုင်ရာ SDGs စာရင်းနှင့်တကွ) |
| **ဂ-၁.၃: REDD+ လုပ်ဆောင်ချက်/များ အတွက် FPIC လုပ်ငန်းစဉ်တွင် ပါဝင်ထားသော လူဦးရေ အရေအတွက်** | လုပ်ငန်းစဉ် | FPIC ညှိနှိုင်းမှုစာရင်း/ မှတ်တမ်းများ | အစီရင်ခံသည်-<br>- စုစုပေါင်းပါဝင်သူအရေအတွက်<br>- ဒေသခံအဖွဲ့ဝင်များ<br>- အမျိုးသမီးများ<br>- ဌာနေတိုင်းရင်းသား/လူမျိုးစုများ<br>- အခြားအဖွဲ့များ (ကျေးဇူးပြု၍ သတ်မှတ်ပါ) |
| **င-၁.၅: သဘာဝသစ်တောများအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်သော ဧရိယာတွင် ရရှိ နိုင်သော နှစ်စဉ်ရလဒ်များ။**<br>**-သဘာဝသစ်တောဖုံးလွှမ်းမှု ပြောင်းလဲလာသည့် လားရာ (ဟက်တာစကေးဖြင့်)**<br>**- သဘာဝသစ်တော၏ အရည်အသွေး/ ခိုင်မာမှု ပြောင်းလဲလာသည့် လားရာ** | ရလဒ် | MRV/NFMS/ စီမံကိန်းအလိုက် သစ်တောစောင့်ကြည့်ရေး | NF နှင့် အခြားသစ်တောအမျိုးအစားများကို ခွဲခြားသတ်မှတ်ပါ။ တစ်ဟက်တာရှိ သစ်တောဖုံးလွှမ်းမှုပြောင်းလဲမှုကို အခြေခံမျဉ်းနှင့် နှိုင်းယှဉ်ပါ။ ကာဗာလွှမ်းခြုံမှု/ အခြေအနေ၏ အခြားအတိုင်းအတာကို အခြေခံမျဉ်းနှင့် နှိုင်းယှဉ်ပါ။ |

# စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်း- အကဲဖြတ်မှုစာရင်း ၇.၁။

ရည်ရွယ်ချက်- REDD+ အကောင်အထည်ဖော်သူများအတွက် ၎င်းတို့၏ REDD+ လုပ်ဆောင်ချက် များအတွက် ခိုင်မာသော M&E မူဘောင်တစ်ရပ်ကို ဖော်ထုတ်ကျင့်သုံးရန် အဓိက စံနှုန်းများနှင့် အဆင့်များကို သတ်မှတ်ပေးရန်။
ကာကွယ်စောင့်ရှောက်မှုအညွှန်းကိန်းများ၏ နောက်ဆက်တွဲကို လည်း ကြည့်ပါ။

အကျုံးဝင်သော အကြောင်းအရာများ

- ပြောင်းလဲမှုသီအိုရီ
- လုပ်ဆောင်ချက်အတွက် အညွှန်းကိန်းများကို ဖော်ထုတ်ခြင်း။
- ပုံမှန် M&E အတွက် အရင်းအမြစ်များ
- အခြေခံအချက် (ကြိုတင်အကောင်အထည်ဖော်ဆောင်မှု)
- M&E စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ခြင်း။
- M&E လုပ်နိုင်သူ
- စွမ်းရည်တည်ဆောက်ခြင်းနှင့် စက်ကိရိယာများ
- M&E မှ ရလဒ်များ- လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ခြင်း။

ဤစာရင်းကို အစီအစဉ်ရေးဆွဲခြင်းအဆင့်၏အဆုံးတွင် ပြီးမြောက်စေကာ စောင့်ကြည့်ခြင်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆောင်ရွက် သင့်သည်။

# M&E အပေါ် သင်တန်းသားများ အနေဖြင့် မှတ်ချက်များနှင့် မေးခွန်းများ မေးမြန်းနိုင်ပါသည်။





# အကာအကွယ်များအကောင်အထည်ဖော်ရေး လမ်းညွှန်ချက် - ဖြစ်ရပ်မှန်လေ့လာမှုနှင့် အကဲဖြတ်မှုစာရင်းများ

လေ့ကျင့်ခန်းများ

# အကဲဖြတ်မှုစာရင်း လေ့ကျင့်ခန်း- ၃၅ မိနစ်

ကျွန်ုပ်တို့သည် 2 ရက်မြောက်နေ့တွင် ပြန်လည်သုံးသပ်ထားသော စစ်ဆေးစာရင်းများကို ပြန်လည်လုပ်ဆောင်ရန် War-Kone ဖြစ်ရပ်လေ့လာမှုကို အသုံးပြုပါမည်။

**၂.၁ FPIC**

**၂.၂ GRM**

**၃.၂ အကျိုးခံစားခွင့်မျှဝေခြင်း**

**၅.၁ NF နှင့် BES**

**၇.၁ M&E**

- **အုပ်စု ၁- FPIC + အခြား စစ်ဆေးရေးစာရင်းတစ်ခု**
- **အုပ်စု ၂ သဘာဝသစ်တောများ နှင့် BES + အခြား စစ်ဆေးရေးစာရင်းတစ်ခု**

**အဆင့် ၁-** သင့်အဖွဲ့ကို ရွေးချယ်ပါ ။

**အဆင့် ၂-** သင်၏ 2nd checklist ကိုရွေးချယ်ပါ။ စစ်ဆေးရန်စာရင်း (မျှဝေထားသောဖိုင်တွဲတွင်) ကိုဖတ်ပြီး သင်ရှိနိုင်သည့်မေးခွန်းများကို သင်တန်းနည်းပြကို မေးပါ။

**အဆင့် ၃** : အုပ်စုတစ်ခုစီသည် ဝါးကုန်းကျေးရွာအကြောင်း သင်သိထားသည်များကို အခြေခံ၍ အကဲဖြတ်မှုစာရင်း တစ်ခုစီမှ မေးခွန်းသုံးခုကို ဖြေပေးပါမည်။

**အဆင့် ၄-** အုပ်စုအတွင်း ရရှိလာသော လုပ်ဆောင်ချက်များနှင့် ဆွေးနွေးချက်များအား ပြန်အစီရင်ခံပါ။

# **သင်တန်းကို ပြန်လည်သုံးသပ်ခြင်း- ပထမနေ့နှင့် ဒုတိယနေ့**တွင်ပါဝင်သောအကြောင်းအရာများ

| | | |
|---|---|---|
| REDD+ ကာကွယ်စောင့်ရှောက်မှုများ | မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှု ချဉ်းကပ်မှုများ | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော |
| အကဲဖြတ်မှု စာရင်း ၁.၁ | အကဲဖြတ်မှု စာရင်း ၂.၁ | အကဲဖြတ်မှု စာရင်း ၃.၁ |
| အကဲဖြတ်မှု စာရင်း ၃.၂ | အကဲဖြတ်မှု စာရင်း ၅.၁ | အကဲဖြတ်မှု စာရင်း ၇.၁ |



# သင်တန်းကာလအတွင်း တက်တက်ကြွကြွ ပါဝင်ပေးမှုအတွက် ကျေးဇူးတင်ရှိပါသည်။

UN-REDD PROGRAMME